မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကဏာအသိမ်းခံရသော

ကာကွယ်ရေးဦးစီးချုပ်

သို့မဟုတ်

ဗိုလ်ချုပ်မှူးကြီး စောမောင်

သန်းဝင်းလှိုင်

အခန်း (၁)
နောက်ခံသမိုင်း

မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝမှ လွတ်မြောက်ကာ လွတ်လပ်ရေးရရှိ ပြီးနောက် ၁၄ နှစ်အကြာတွင် စစ်အာဏာရှင်ကြီး ဗိုလ်ချုပ်ကြီးနေဝင်း သည် ဖက်ဒရယ်မူကို အကြောင်းပြကာ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်တွင် ပါလီမန်ဒီမိုကရေစီ အစိုးရကို ဖြုတ်ချ၍ နိုင်ငံတော်အာဏာအရပ်ရပ်ကို သိမ်းပိုက်လိုက် လေသည် ။ စင်စစ် ယင်းအာဏာသိမ်းမှုသည် တတိယ အကြိမ် မြောက်ဖြစ်သည် ။ ၁၉၅၀ ပြည့်လွန်က ဗိုလ်ချုပ်ကြီးနေဝင်းသ ည် နိုင်ငံတော် အာဏာသိမ်းရန် ကြံရွယ်ခဲ့သော်လည်း နောက်လိုက်အင် အားမရှိ၍ အာဏာ သိမ်းမည့် အစီအစဉ်ကို ဖျက်သိမ်းလိုက်ရသည် ။ ထို့ နောက် ၁၉၅၈ ခုနှစ်တွင် အာဏာသိမ်းရန် ဒုတိယအကြိမ် ကြံစည်ရာ ဝ နက်ကြီးချုပ်ဦးနှက အာဏာသိမ်းရန် လက်မခံဘဲ ၁၉၅၈ ခုနှစ် အောက်တို ဘာလ ၂၈ ရက်တွင် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်းကို နိုင်ငံတော် ဝန်ကြီးချုပ်အဖြစ် အ ဆိုတင်သွင်း၍ အိမ်စောင့်အစိုးရဖွဲ့စေကာ ၁၉၅၉ ခုနှစ် ဧပြီလ မကုန်မီ အတွင်း လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲကို ကျ င်းပနိုင်အောင် စီစဉ်ခိုင်းသည် ။

သို့သော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက ၆ လအတွင်း ရွေးကော ကပ်ပွဲကျင်းပရန် လုံးဝမဖြစ်နိုင်ဟု ဆိုကာ ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီလ ၃

ရက်တွင် ဝန်ကြီးချုပ်နုတ်ထွက်စာကို တင်သွင်း၍ နောက်ထပ်သက်တမ်း ၆ လတိုးပေးမှ သာ ရွေးကောက်ပွဲ ကျင်းပပေးရန် စီစဉ်နိုင်မည်ဟု ဆိုသည် ။

ထို့ကြောင့် ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါလီမန် ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော် လွှတ်တော်နှစ်ရပ် ညီလာခံကျင်းပ၍ ရွေးကောက်ခံ မဟုတ်သော ပုဂ္ဂိုလ်တစ်ဦးအား ဝန်ကြီးချုပ်အဖြစ် ထပ်မံခန့်အပ်ရန် အခြေခံဥပဒေပုဒ်မ ၁၁၆ ကို ပြင်ဆင်ရန် ဥပဒေကြမ်းကို တင်သွင်းခဲ့ရသည် ။ အခြေခံဥပဒေပြင်ဆင်ချက် ဥပဒေကြမ်းကို ပမည်တ အပါအဝင် ထောက်ခံမဲ ၃၀၄ မဲ၊ ကန့်ကွက်မဲ ၂၉ မဲ မဲရသဖြင့် အဆိုကို အတည်ပြုနိုင်ခဲ့သည် ။

ဤသို့ဖြင့် ဖေဖော်ဝါရီလ ၂၇ ရက်တွင် ဗိုလ်ချုပ်ကြီးနေဝင်းအား ပြည်သူ့လွှတ်တော်ပါလီမန် ညီလာခံက ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးကောက် တင်မြှောက်ခဲ့ကြသည် ။ ဗိုလ်ချုပ်ကြီးနေဝင်းသည် အိမ်စောင့်အစိုးရသက်တမ်း ၁၁ လ ၇ ရက်ကြာ ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၆ ရက်တွင် ပါလီမန် အထွေထွေရွေးကောက်ပွဲကို ကျင်းပရေးခဲ့ရာ ဦးနု ဦးဆောင်သော သန့်ရှင်း ဖဆပလ က ၂၀၃ နေရာဖြင့် အပြတ်အသတ် အနိုင်ရရှိသွားခဲ့သည် ။ တည်မြဲ ဖဆပလ သည် ၃၉ နေရာသာ ရရှိခဲ့သည် ။

ထို့နောက် ၁၉၆၀ ပြည့်နှစ် ဧပြီလ ၄ ရက်တွင် ဗိုလ်ချုပ်ကြီးနေဝင်းသည် ဝန်ကြီးချုပ်ရာထူးကို ဦးနုအားလွှဲအပ်၍ နုတ်ထွက်သွားခဲ့သည် ။

ယင်းနောက် ဗိုလ်ချုပ်ကြီးနေဝင်းသည် သန့်ရှင်းဖဆပလ (နောင် ပထစ) အစိုးရကို အာဏာလွှဲပြောင်းပြီး ၁ နှစ် ၁၀ လ ၂၈ ရက်ကြာ ၁၉၆၂

ခုနှစ် မတ်လ ၂ ရက်တွင် ပထစ အစိုးရကို ဖြုတ်ချ၍ အာဏာ သိမ်းပိုက်ခဲ့ခြင်းဖြစ်သည် ။ ဗိုလ်ချုပ်ကြီးနေဝင်းက သူ၏ အာဏာသိမ်းအဖွဲ့ကို တော်လှန်ရေး ကောင်စီဟူ၍ အမည်တပ်ခဲ့သည် ။ ယင်းနောက် ၁၉၆၄ ခုနှစ် ဧပြီလတွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကို တည်ထောင်၍ ဥက္ကဋ္ဌ ရာထူးကိုပါ တွဲဖက်ယူခဲ့သည် ။ ၁၉၇၄ ဧန်နဝါရီလ ၃ ရက်တွင် တစ်ပါတီ အာဏာရှင် စနစ်ကို အသက်သွင်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်း၍ မတ်လ ၂ ရက်တွင် ၂၉ ဦး ပါဝင်သော နိုင်ငံတော်ကောင်စီကို ဖွဲ့စည်းခဲ့သည် ။ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ (နိုင်ငံတော်သမ္မတ)မှာ ဦးနေဝင်းဖြစ်ပြီး အတွင်းရေးမှူးမှာ ဗိုလ်ချုပ်ကြီးစန်းယု ဖြစ်သည် ။ မတ်လ ၃ ရက်တွင် နိုင်ငံတော်ကောင်စီက ဝန်ကြီးအဖွဲ့ဝင် ၁၈ ဦးကို ရွေးချယ်တင်မြှောက် ခဲ့သည် ။ ဝန်ကြီးချုပ် အဖြစ် ဦးစိန်ဝင်းကို ခန့်အပ်ခဲ့သည် ။

ဤသို့ဖြင့် တော်လှန်ရေးကောင်စီခေတ် ၁၂ နှစ်၊ လမ်းစဉ်ပါတီ အစိုးရခေတ် ၁၄ နှစ် စုစုပေါင်း ၂၆ နှစ်ကာလအတွင်း ဗိုလ်ချုပ်ကြီးနေဝင်းသည် ထိုစဉ်က ကမ္ဘာပေါ်တွင် ခေတ်စားနေသော "ဆိုရှယ်လစ်" ဆိုင်းဘုတ်ကို ကောက်ချိတ်ပြီး ရာဇပလ္လင်ပေါ်တက်ထိုင်ကာ အာဏာသုံးရပ်ကို အပြည့်အဝ ချုပ်ကိုင်၍ မစားရ ဝခမန်း စိတ်ကူးယဉ် အိပ်မက်များကို အကောင်အထည်ဖော်ကာ ဆိုဗီယက်ပုံစံ တစ်ပါတီ ဆိုရှယ်လစ် အာဏာရှင်စနစ် တည်ဆောက်ခဲ့သောကြောင့် သယံဇာတ ပေါကြွယ်လှသော မြန်မာနိုင်ငံသည် ၄၂ ကြိမ် မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ၁၉၈၇ ခုနှစ် ဒီဇင်ဘာ ၁၁ ရက် တွင် ကျင်းပခဲ့သော ၉၆ ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက် (၄၂/၄၂၈) အရ ကမ္ဘာ့ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံ (အဆင်းရဲဆုံးနိုင်ငံ) စာရင်းသို့ သွတ်သွင်း ခံလိုက်ရလေသည် ။

သို့သော် ထိုစဉ်က မဆလအစိုးရသည် ကမ္ဘာ့ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံစာရင်းဝင်ရန် ဆုံးဖြတ်ခဲ့ခြင်းမှာ နိုင်ငံတော်၏ ကြွေးမြီဝန်ထုပ်ဝန်ပိုး လျော့ပါးရေးနှင့် နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားအတွက် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များ မထိခိုက်စေရေးတို့ အတွက် ဦးတည်စီစဉ် ဆောင်ရွက်ခြင်း ဖြစ်ပါသည် ဟူ၍ လူထုအား ဝါဒဖြန့်ခဲ့သည် ။

သို့ကလို ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်တွင် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော စစ်တပ်မှ ပြည်သူ့အချုပ်အခြာအာဏာများကို လက်နက်အားကိုးဖြင့် အတင်းအဓမ္မ သိမ်းယူလိုက်သောကြောင့် ကျောင်းသားသမဂ္ဂမှ ဦးဆောင်ကာ မတ်လတွင် တစ်ကြိမ် နှင့် ဇူလိုင်လတွင် တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ်တိုင်တိုင် ဆန့်ကျင်ကန့်ကွက် ဆန္ဒပြခဲ့ကြသည် ။

ပထမအကြိမ် ငြိမ်းချမ်းစွာ ဆန့်ကျင်ကန့်ကွက်ခဲ့သည့် ကျောင်းသားသမဂ္ဂများ ၏ ခေါင်းဆောင်များကို မတရားဖမ်းဆီး နှိပ်စက်၍ တစ်ကျွန်းပို့ပြစ်ဒဏ်များ ချမှတ်၍ ကိုကိုးကျွန်းသို့ ပို့ဆောင်ခဲ့ပြီး အချို့ကျောင်းသားများကို ကျောင်းမှ ရာသက်ပန်ထုတ်ပယ်လိုက်သည် ။ တချို့မှာ မူ ဝရမ်း ပြေးဘဝသို့ ရောက်ရှိသွားရတော့သည် ။ ဗိုလ်ချုပ်ကြီး နေဝင်းသည် ထိုသို့ ပြုလုပ်ရုံမျှ အားမရသေးဘဲ ငြိမ်းချမ်းစွာ ပညာဆက်လက်သင်ကြားနေသော ကျောင်းသားများ ၏ စားရေး၊ နေရေး၊ ပညာသင်ကြားရေးစသည့် ကျောင်းသားများ ၏ အခြေခံအခွင့်အရေးများကို ကန့်သတ်ချုပ်ချယ်သည့် စည်းကမ်းချက် ၂၂ ချက်ပါ ညွှန်ကြားချက်တို့ ကို ထုတ်ပြန်ခဲ့သည် ။ ထို့အပြင် မေလ ၁၀ ရက်တွင် တက္ကသိုလ်ကောင်စီကိုပါ လုံးဝဖျက်သိမ်း ပစ်လိုက်သည် ။

ယင်းသို့ အထွေထွေ ဖိနှိပ်ချုပ်ချယ်မှုများကို နည်းပေါင်းစုံဖြင့် ပြုလု

ပ်သောကြောင့် ကျောင်းသားသပိတ်သည် တစ်နိုင်ငံလုံးရှိ ကျောင်းသားထုအတွင်းသို့ လျင်မြန်စွာ ပျံ့နှံ့ကူးစက်ကာ သမိုင်းတွင် ရစ်ခဲ့သည့် ဆဲဗင်းဂျူလိုင် ကျောင်းသားလှုပ်ရှားမှု အထွေထွေသပိတ်ကြီး ၁၉၆၂ ဇူလိုင် ၆ တွင် စတင် ပေါ်ပေါက်လာခဲ့သည် ။

ထို့နောက် စစ်အစိုးရသည် ဇူလိုင်လ ၆ ရက် ည ၈ နာရီတွင် တက္ကသိုလ်နယ်မြေကို ပုဒ်မ ၁၄၄ ထုတ်ပြန်ခဲ့သည် ။ ၁၉၆၂ ခုနှစ် ဇူလိုင်လ ၇ ရက် ည ၆း၃၀ နာရီခန့်တွင် စစ်အာဏာရှင်များ ၏ ခါးပိုက် ဆောင်တပ်ဖွဲ့ဝင်များ သည် မောင်းပြန်သေနတ်များ ဖြင့် ရက်စက်စွာပစ်ခတ် နှိမ်နင်းဖြိုခွင်းမှုကြောင့် ကျောင်းသားများ အမြောက်အမြား သေကြေဒဏ်ရာ ရရှိခဲ့သည် ။ မသေဘဲ ကျန်ရစ်ခဲ့သော ကျောင်းသားအများ အပြားလည်း ဖမ်းဆီးထောင်ချခြင်း ခံခဲ့ရသည် ။

ထို့ပြင် ကျောင်းသားများ ၏ နိုင်ငံရေးလုပ်ဆောင်ခဲ့မှု သမိုင်းကို ဖျောက်ဖျက်ပစ်လိုသောကြောင့် သပိတ်မှောက်ကျောင်းသားများ ၊ သမဂ္ဂအဖွဲ့ဝင်များ အဓိကစုရုံးရာ သမိုင်းဝင် ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ အဆောက်အအုံကို ဇူလိုင်လ ၈ ရက် တနင်္ဂနွေနေ့ နံနက် ၃ နာရီခွဲအချိန်တွင် ဒိုင်းနမိုက်များ ဖြင့် ဖောက်ခွဲဖြိုချ ဖျက်ဆီး၍ အစဖျောက်ခဲ့သည် ။ ကျောင်းသား သမဂ္ဂအဆောက်အအုံကို လက်ဝါးချင်းရိုက်ပြီး ဗုံးဖောက်ခွဲခဲ့သည့် တရားခံမှာ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဗိုလ်မှူးချုပ် အောင်ကြီးတို့ သာ ဖြစ်လေသည် ။ ယင်းနောက် တော်လှန်ရေးကောင်စီသည် ၁၉၆၄ ခုနှစ် မတ်လ ၂၈ ရက်တွင် ၁၉၆၄ အမျိုးသားစည်းလုံးညီညွတ်ရေးကို ကာကွယ်သည့် ဥပဒေကိုပြဋ္ဌာန်း၍ အသင်းအဖွဲ့ပါတီ အားလုံးကို ဖျက်သိမ်းပစ် လိုက်လေသည် ။

တစ်ဖန် ၁၉၆၄ မေလ ၁၇ ရက်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်

ဗဟိုဘဏ်မှ ထုတ်ဝေထားသည့် ကျပ် ၁၀၀ တန်နှင့် ၅၀ တန်ငွေစက္ကူများကို တရားဝင်ငွေစက္ကူအဖြစ်မှ ရပ်စဲလိုက်သည် ။ ၁၉၆၄ ခုနှစ် စက်တင်ဘာလတွင် ကြေးမုံ၊ ဂါးဒီးယန်း၊ ဗိုလ်တထောင် ပုဂ္ဂလိကပိုင် သတင်းစာများကို ပြည်သူပိုင်သိမ်း၍ သတင်းစာလွတ်လပ်ခွင့်ကို ကန့်သတ်လိုက်သည် ။

ဤသို့ အမျိုးမျိုးနှိပ်ကွပ်ခဲ့မှုကြောင့် ၁၉၇၄ မေလနှင့် ဇွန်လတွင် မြန်မာနိုင်ငံ မြို့ကြီးများ ၌ အလုပ်သမားဆန္ဒပြမှုများ နှင့် ဒီဇင်ဘာလ ၁၁ ရက်တွင် ကုလသမဂ္ဂ အတွင်းရေးမှူး ဦးသန့်၏ ရုပ်ကလာပ်သင်္ဂြိုဟ်မည့် ကိစ္စများကို အကြောင်းပြု၍ ဦးသန့်အရေးအခင်း ပေါ်ပေါက်လာခဲ့သည် ။ တစ်ဖန် ၁၉၇၆ ခုနှစ် မတ်လ ၂၃ ရက်တွင် သခင်ကိုယ်တော်မှိုင်းရာပြည့်အရေးအခင်းများ ဆက်တိုက်ပေါ်ပေါက်ခဲ့သည် ။

၁၉၇၇ ခုနှစ် စက်တင်ဘာလတွင် မဆလပါတီ အာဏာရှင် ခေါင်းဆောင်များကို လုပ်ကြံသတ်ဖြတ်ရန် ကြံစည်မှုနှင့် သီးခြားရခိုင်ပြည်နယ်၊ သီးခြားအစိုးရဖွဲ့ရန် ကိစ္စရပ်များ ပေါ်ပေါက်လာခဲ့သည် ။

ဤသို့ တိုင်းပြည်စီးပွားရေး တဖြည်းဖြည်းယိုယွင်း ပျက်စီးနေစဉ်အတွင်း ၁၉၈၅ ခုနှစ် နိုဝင်ဘာလ ၃ ရက်တွင် နိုင်ငံတော်အတွင်း လှည့်ပတ်သုံးစွဲလျက်ရှိသော ငွေစက္ကူကျပ် ၁၀၀ တန်၊ ကျပ် ၅၀ တန်နှင့် ကျပ် ၂၀ တန်တို့ ကို လည်းကောင်း၊ ၁၉၈၇ ခုနှစ် စက်တင်ဘာလ ၅ ရက်တွင် ၂၅ ကျပ်တန်၊ ၃၅ ကျပ်တန်နှင့် ၇၅ ကျပ် ငွေစက္ကူများကိုလည်းကောင်း တရားဝင်ငွေကြေအဖြစ်မှ ရပ်စဲလိုက်သောကြောင့် လူထုတစ်ရပ်လုံးသည် အထွေထွေမကျေနပ်မှုများ ဖြစ်ပေါ်လာခဲ့သည် ။ ဖျက်သိမ်းလိုက်သော ၃၅ ကျပ်တန်နှင့် ၇၅ ကျပ်တန်ငွေ စက္ကူတို့ ကို ထုတ်ဝေထားသည် မှာ ၂ နှစ် မျှသာ ရှိသေးသည် ။

ထိုစဉ်အတွင်း ၁၉၈၈ ခုနှစ် မတ်လ ၁၂ ရက်တွင် ရန်ကုန်စက်မှု တက္ကသိုလ်ကျောင်းသားအချို့နှင့် ကြို့ကုန်းအနောက်ရပ်ကွက်မှ လူငယ်အချို့သည် စန္ဒာဝင်း လက်ဖက်ရည်ဆိုင်၌ ခိုက်ရန်ဖြစ်ပွားခဲ့ရာ အစိုးရက အကြမ်းဖက်ဖြိုခွင်းမှုကြောင့် ၁၉၈۸ ခုနှစ် သြဂုတ်လ ၈ ရက်တွင် "ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံကြီး" တစ် ပြည်လုံးတွင် အုံကြွပေါက်ကွဲခဲ့လေသည် ။

ဤသို့ ရှစ်ဆယ့်ရှစ် ဒီမိုကရေစီအရေးတော်ပုံကြီး မဖြစ်ပွားမီ ၁၅ ရက်အလိုတွင် ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းသည် အရေးပေါ်ပါတီညီလာခံကို ဇူလိုင်လ ၂၃ ရက်တွင် ကျင်းပ၍ တစ်ပါတီစနစ်မှ ပါတီစုံစနစ်သို့ ပြောင်းလဲရန် ကြေညာပြီး ပါတီဥက္ကဋ္ဌရာထူးမှ နုတ်ထွက်သွားခဲ့သည် ။ ပါတီဥက္ကဋ္ဌ အဖြစ်မှ နုတ်ထွက်သည့် နေ့၌ ပါတီညီလာခံတွင် ဦးနေဝင်းက-

"နောက်ကို လူစုလူဝေးနဲ့ ဆူဆူပူပူလုပ်လို့ ရှိရင်တော့ စစ်တပ်ဆိုတာ ပစ်ရင်မှန်အောင်ပစ်တယ်။ မိုးပေါ်ထောင်ပြီး ခြောက်တာ မပါဘူး။ အဲဒီတော့ နောင်ကို ဆူဆူပူပူလုပ်မယ် ဆိုရင်တော့ တပ်ကို သုံးလို့ ရှိရင်တော့ အဲဒါ ဆူတဲ့ လူတွေ မသက်သာဘူးသာမှတ်ပေတော့လို့ ကျွန်တော် ဒီကနေ့ ပြောပါတယ်" ဟူ၍ ပြောကြားကာ တပ်နှင့် ပြည်သူကို သွေးခွဲခဲ့လေသည် ။

ဦးနေဝင်း ဦးဆောင်သော မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ (မဆလ) သည် ၁۹۶၂ ဧပြီလ ၃၀ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပြီး ၁۹၈۸ စက်တင်ဘာ ၁၈ ရက်အထိ နှစ်ပေါင်း ၂۶ နှစ်ကျော်တွင် လုံးဝချုပ်ငြိမ်းသွား ခဲ့လေသည် ။ မဆလပါတီကြီး ကျဆုံးခဲ့ရသည် မှာ -

(က) ပြည်သူလူထုကို အနည်းဆုံး အနိမ့်ဆုံး စားဝတ်နေရေး ပြ

ည့်စုံအောင် ပြုလုပ်ပေးနိုင်မှု မရှိခြင်း၊

(ခ) ပြည်သူလူထုအား လူမှုဘဝအထွေထွေပြည့်စုံအောင် မပြုလုပ် နိုင်ခြင်း၊

(ဂ) ပြည်သူလူထုအား ချမ်းသာအောင် လုပ်မပေးနိုင်ခြင်း စသည့် အချက်များကြောင့် မဆလ ပါတီသည် ကျဆုံးသွားခဲ့ရလေသည် ။

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ရှစ်ဆယ့်ရှစ်ဒီမိုက ရေစီ အရေးတော်ပုံကြီးအား ဖြိုခွင်း၍ သမ္မတ ဒေါက်တာမောင်မောင် ထံမှ

အာဏာလွှဲပြောင်းယူခဲ့သော နေ-ဝ-တ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမောင် (နောင် ဗိုလ်ချုပ်မှူးကြီး)

၁၉ဖြ၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့၌ ဝန်ကြီးချုပ် ဦးနုဦးဆောင်သော ပါလီမန်ဒီမိုကရေစီ အစိုးရကို ဖြုတ်ချ၍ အာဏာသိမ်းပိုက်ခဲ့သော တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်း

နေ-၀-တ/ နေ-အ-ဖ အတွင်းရေးမှူး ၂ နှင့် တပ်မတော် ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဒု-ဗိုလ်ချုပ်ကြီး ခင်ညွှန့် (နောင် ဝန်ကြီးချုပ်)

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဝင်

ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့် (နောင် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး)

နေ-ဝ-တ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး သန်းရွှေ

(နောင် နေ-ဝ-တ/ နေ-အ-ဖ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ)

နေ-ဝ-တာ အဖွဲ့ဝင်

ဗိုလ်မှူးချုပ် မြင့်အောင်

(နောင် ဒုတိယဗိုလ်ချုပ်ကြီး)

မ-ဆ-လ ပါတီ ဥက္ကဋ္ဌ ဦးနေဝင်း၏ စေခိုင်းချက်အရ

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင်အား အာဏာလွှဲပြောင်းခဲ့ရသောသမ္မတ ဒေါက်တာ မောင်မောင်။

သူသည် ၁၉၈၈ သြဂုတ်လ ၁၉ မှ စက်တင်ဘာလ ၁၈ ရက်အထိ

တစ်လခန့် သမ္မတ ဖြစ်ခဲ့သည် ။

အခန်း (၂)
မရွယ်ဘဲနှင့် စောကဲမင်းဖြစ်ခဲ့သူ

၈၈ ဒီမိုကရေစီအရေးတော်ပုံကြီးကြောင့် အစိုးရယန္တရားသည် လုံးဝပျက်ယွင်းသွားခဲ့ပြီး လူထုအုံကြွမှုကို လုံးဝထိန်းချုပ်မရတော့ချေ။ လူထုသုံးသိန်းခန့်မှာ လမ်းမများ ပေါ်၌ ချီတက်ကာ အစိုးရ ဆန့်ကျင်ရေးကြွေးကြော်သံများ ဟစ်ကြွေး၍ ဆန္ဒပြခဲ့ကြသည် ။ မြို့တော်ခန်းမရှေ့နှင့် ရန်ကုန် ဆေးရုံကြီးတွင် အစာငတ်ဆန္ဒပြသူများက သပိတ်တိုက်ပွဲ ဆက်လျက် ဆင်နွှဲခဲ့ကြသည် ။ သို့ကလို လူထုအုံကြွမှုကို ထိန်းမရသောကြောင့် ၁၉၈၈ ခုနှစ် သြဂုတ်လ ၁၂ ရက်တွင် မဆလပါတီဥက္ကဋ္ဌနှင့် သမ္မတ ဦးစိန်လွင်သည် ပြုတ်ကျသွားခဲ့သလို မဆလပါတီဥက္ကဋ္ဌနှင့် သမ္မတ ဒေါက်တာမောင်မောင်သည် ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် နုတ်ထွက်သွားခဲ့ရလေသည် ။

ထို့နောက် ဆန္ဒပြမှုများ ဆက်လက် ဖြစ်ပွားနေစဉ် ၁၉၈۹ ခုနှစ် စက်တင်ဘာလ ၁၈ ရက်တွင် ကြိုတင်စီစဉ်ထားသည့် အတိုင်း ညနေ ၄ နာရီခွဲတွင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင် ဦးစီးသော စစ်တပ်က နိုင်ငံတော်အာဏာအရပ်ရပ်ကို သမ္မတ ဒေါက်တာမောင်မောင် ထံမှ လွှဲပြောင်းယူ၍ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (နဝတ)ကို ဖွဲ့စည်းလိုက်ကြောင်း ရေဒီယို၊ ရုပ်မြင်သံကြားတို့ မှ ကြေညာလိုက်လေသည် ။

ထိုစဉ်က နိုင်ငံတော်အာဏာကို ဒေါက်တာမောင်မောင် အစိုးရထံမှ လွှဲပြောင်းယူခဲ့ပုံကို တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဟောင်း ဦးခင်ညွန့်က "ဦးခင်ညွန့်နှင့် အင်တာဗျူး" စာအုပ်စာမျက်နှာ ၉ ၀ ၌ ဤသို့ ဖော်ပြထားသည် ။

"အာဏာသိမ်းတာတော့ မဟုတ်ဘူး ဗျ။ အမှန်တော့ အဲဒီအချိန်တုန်းက တော်တော် ရှုပ်ရှုပ်ထွေးထွေးတွေ ဖြစ်နေတယ်။ ပထမပိုင်းမှာ ဟုတ်တယ်။ ဆန္ဒပြတာ၊ ဒီမိုကရေစီ အရေးဆိုတာတွေက မှန်ပါတယ်။ သောကောရောကောတွေ ပါလာတော့ အဖျက်အမှောင့်တွေ အများကြီး ဖြစ်လာတယ်။ ဥပမာအားဖြင့် ဆိုရင် ခေါင်းဖြတ်သတ်တာပေါ့ဗျာ။ မထင်မှတ်တဲ့ လူတွေကို ဆွဲဆွဲပြီးတော့ ခေါင်းဖြတ်သတ်တာ၊ အမှန်တော့ အဲဒီ အသတ်ခံရတဲ့ လူတွေက အပြစ်မဲ့သူတွေဖြစ်နေတယ်။ အဲဒီသတ်တဲ့ လူတွေက တစ်အိမ်ပြီးတစ်အိမ် ဝင်ဝင်ပြီးတော့ ဒီအိမ်မှာ ဘယ်သူရှိသလဲ၊ လာထွက်ခဲ့၊ မင်းဟာ အစိုးရရဲ့ ဒေါက်တိုင်ဆိုပြီး ဆွဲခေါ်သွား၊ ပြီးတော့ ခေါင်းဖြတ်တာ။ အဲဒီလိုလုပ်တဲ့ အဆင့် ရောက်တယ်။ ဒါတွေက ဟိုဒင်းပေါ့ဗျာ။ မင်းမဲ့စရိုက်တွေ ဖြစ်လာတယ်။ လူခေါင်းဖြတ်သတ် တာတွေ ဆိုရင် စာရင်းအရ ခန့်မှန်းခြေ ၅၁ ယောက် တောင်ဗျ။ ရန်ကုန်မှာ အဲဒီလို လမ်းဆုံမှာ ပဲ။ အဲဒီအချိန်မှာ ဘယ်သူမှ ဆင်းပြီးမကယ်နိုင်ဘူး။ နိုင်ငံရေးသမားတွေ ဆိုတာလည်း အဲဒီအချိန်မှာ လူအုပ် ထဲကို မဝင်နိုင်တော့ဘူး။ ကိုယ့်အိမ်ထဲမှာ ပဲ နေကြတာ။ ကွပ်ကဲတဲ့ သူ လုံးဝမရှိတော့ဘူး။ မင်းမဲ့ဝါဒ (anarchic) ဖြစ်နေပြီဗျ။ ရပ်ကွက်တွေမှာ ဆိုရင်လည်း ရန်ကုန်မြို့ထဲက down town မှာ ဆိုရင် ကိုယ့်ရပ်ကွက်ကို ကိုယ်ထိန်းချုပ်ထားပြီးတော့မှ လူငယ်တွေထွက်ပြီး ကင်းစောင့်ရတယ်ဆိုတော့ မင်းမဲ့စရိုက်ဖြစ်နေပြီ။ အုပ်ချုပ်ရေး ယန္တရားက မရှိတော့ဘူး။ ရုံးအဖွဲ့တွေ ဆိုရင်လည်း ဘယ်ရောက်နေမှန်း မသိဘူး။ အဲဒီတော့ အုပ်ချုပ်ရေး ယန္တ

ရားက ပျက်သွားပြီ။ တကယ်တိုင်းပြည်က ပြည်ပျက်ကြီးဖြစ်နေပြီ။ ဘယ်သူမှ မအုပ်ချုပ်နိုင်တော့ဘူး ဖြစ်နေတဲ့ အချိန်အခါမျိုး ရောက်နေပြီ။

မြောက်ဥက္ကလာပမှာ ၄က်ပျောသီးထမ်းရောင်းနေတဲ့ 'သျှောင်ကြီးဗွေ' ဆိုတဲ့ ကောင်က ဘယ်ကရလာတယ် မသိဘူး သေနတ်ခါးထိုးပြီး တော့မှ သပိတ်ခေါင်းဆောင် တက်လုပ်နေတာဗျ။ သူက တက်တရားဟောလိုက် သေးတယ်။ အဲဒီလိုမျိုးတွေ ဖြစ်နေတော့ တဖြည်းဖြည်းနဲ့ အုပ်ချုပ်မယ့်သူ မရှိတော့ဘူး။ ခေါင်းဆောင်လည်း မရှိတော့ဘူး။ နိုင်ငံရေးသမားတွေလည်း ခေါင်းမဆောင်နိုင်တော့ဘူး။ အဲဒီအချိန်မှာ ဖြစ်နေတဲ့ အခါကျတော့ ကျွန်တော်က သတင်းတွေ အကုန်ရနေတယ်ဗျ။ တကယ့်ဖြစ်ရပ်နော်။ ဗိုလ်ချုပ်ကြီးစောမောင်က စစ်ရုံးမှာ နေ့စဉ် ရှိနေတယ်။ ဒုဗိုလ်ချုပ်ကြီး သန်းရွှေကတော့ ကျွန်တော်နဲ့ အနီးကပ်ရှိနေတယ်။ တစ်ခါတလေတော့ သူ့အခန်းမှာ သွားနေတယ်။ ကျွန်တော်နဲ့ ဒုတိယဗိုလ်ချုပ်ကြီးသန်းရွှေ တိုင်ပင်ပြီးတော့ ဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင် ထံသွားပြီး အခြေအနေ တင်ပြကြတယ်။ ဦးစီးချုပ် ကလည်း အခြေအနေကို သိနေပြီးသား။ သိနေတော့ ကျွန်တော်တို့ သဘောထားတွေ တင်ပြတယ်။ ဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင် အခန်းကို ကျွန်တော်တို့ နှစ်ယောက်သွားတာ။ အဲဒီတုန်းက ဒုတိယဗိုလ်ချုပ်ကြီး သန်းရွှေက ဒုချုပ်လေ။ အခြေအနေတွေက တော်တော်ရှုပ်ထွေးနေပြီ။ လူတွေလည်း ခေါင်းဖြတ်အသတ်ခံနေရတယ်။ အဖျက်အမှောင့်တွေလည်း ပါနေပြီ။ ဒီမိုကရေစီအရေး သက်သက်မဟုတ်တော့ဘူး။ အဖျက်အဆီးတွေက သိပ်များ နေပြီ။ အုပ်ချုပ်ရေးယန္တရားလည်း မရှိတော့ဘူး။ ဘယ်သူအုပ်ချုပ်နေမှန်းလည်း မသိတော့ဘူး။ စစ်တပ်ရှိရဲ့ သားနဲ့ ဘယ်လိုမှ မထိန်းနိုင်ဘူး။ ဖြစ်နေပြီ။ တစ်ခုခုတော့ လုပ်မှ ကောင်းမယ်ထင်တယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုက သိပ်အရေးကြီးတယ်ဆိုပြီး ဗိုလ်ချုပ်ကြီးစော

မောင်ထံ သွားတင် ပြကြပါတယ်။

အေးပေါ့ကွာတဲ့ ။ ငါလည်း အဲဒီလိုပဲ စဉ်းစားနေတယ်တဲ့ ။ တိုင်းပြည်က ကမောက်ကမ ဖြစ်နေပြီကွတဲ့ ။ Anarchism ဝင်နေပြီကွတဲ့ ။ တိုင်းပြည်ကြီး ဒီအတိုင်း ဆိုရင်တော့ ပြည်သူတွေရဲ့ ဘဝကလည်း တော်တော့်ကို ဒုက္ခရောက်နေပြီကွတဲ့ ။ လမ်းပေါ်ဘယ်သူမှ မထွက်ရဲတော့ဘူး ကွတဲ့ ။ လမ်းပေါ်ထွက်တာနဲ့ ဒေါက်တိုင်စပိုင်(Spy) ဆိုပြီးတော့ ဆွဲခေါ်ပြီးတော့မှ လူအုပ်ရှေ့မှာ ခေါင်းဖြတ်သတ်နေတာဗျ။ အဲဒီလိုဖြစ်နေတဲ့ အခါကျတော့ လူတွေလည်း အပြင်မထွက်ရဲတော့ဘူး။ ဒုက္ခရောက်နေပြီ။ ဒါကတော့ တိုင်းပြည်က တော်တော်ဆိုးဆိုးရွားရွား အခြေအနေကို ရောက်နေပြီ။ ခေါင်းဖြတ်သတ်တယ်ဆိုတာ ကျွန်တော်တို့ မြန်မာလူမျိုး ဗုဒ္ဓဘာသာအစဉ် အလာမှာ ဒါမျိုးက ရှိမှ မရှိဘဲဗျာ။ ကျွန်တော်တို့ နှစ်ယောက် သွားတင်ပြတော့ ဗိုလ်ချုပ်ကြီးစောမောင်က အေးကွာတဲ့ ။ ဒါဆိုရင် တို့ အေဒီလမ်း (ဦးနေဝင်းအိမ်) သွားကြရအောင်တဲ့ ။ ဒါအဖြစ်မှန်ပါ။ အဲဒါ မင်းဆက်သွယ်လိုက်ကွာ ဆိုတော့ ကျွန်တော်က ဦးဆက်ထွန်းဆီကို ဖုန်းဆက်လိုက်တယ်။ အစ်ကိုကြီး လို့ အဖေကြီးနဲ့ ကျွန်တော်တို့ တွေ့ချင်တယ်ဗျာလို့ ။ သူကလည်း အခြေအနေက ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေတယ်ဆိုတာကို သိနေတယ်လေ။ မင်းတို့ ဘာလဲတဲ့ ။ ကျွန်တော်တို့ အရေးကြီးလို့ ပါဗျာလို့ ၊ ဒီနေ့ပဲ တွေ့ချင်တယ်လို့ ။ အဲဒီအချိန် ကျွန်တော်ဖုန်းဆက်တဲ့ အချိန်က ညနေ ၃ နာရီနဲ့ ၄ နာရီကြားလောက်ပေါ့။ အေးကွာတဲ့ ။ အဲဒီလိုဆိုရင် ငါ အခု သွားပြောလိုက်မယ်တဲ့ ။ (ထိုစဉ်က ဗိုလ်မှူး ကြီးဆက်ထွန်းသည် အမှတ်(၁) ပါရမီလမ်း၊ (၇) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်တွင် နေထိုင်လျက်ရှိသည် ။ စာရေးသူ) သွားပြီးတော့ သွားပြောမယ်တဲ့ ။ သူသွားတယ်။ အဲဒီအချိန်မှာ အဘိုးကြီး (ဦးနေဝင်း)က တချို့ကို သိတာတွေလည်း ရှိသလို မသိတာ

တွေလည်း အများကြီးရှိတယ်။

ကျွန်တော်တို့ စောင့်နေတာ နာရီဝက်လောက်ကြာတယ်။ သူ့ဆီက သတင်းပြန်ဝင်တယ်။ အေးရတယ်တဲ့ ။ စောင့်နေမယ် ပြောတယ်ကွတဲ့ ။ ဘယ်ကိုလာရမလဲဆိုတော့ အဘိုးကြီးအိမ်ကိုပဲ လာခဲ့ဆိုတော့ အေဒီလမ်း (မေခလမ်း) အိမ်ကိုပဲ သွားလိုက်ကြတယ်။

အဲဒီတော့ လာဆိုတဲ့ အခါ ကျတော့ အဆင်သင့်ဖြစ်ရင်လာတဲ့ ၊ သူကတော့ စောင့်နေမယ်လို့ ပြောတယ်တဲ့ ။ အဲဒီတော့ ကျွန်တော်တို့ က ခန့်မှန်းခြေပေါ့ဗျာ ကျွန်တော်တို့ က ပြောလိုက်တယ်။ ညနေ ၆ နာရီနဲ့ ၇ နာရီကြား ဖြစ်နိုင်ခြေရှိတယ်ဆိုပြီး ပြောလိုက်တယ်။ မင်းတို့ လည်း လာနိုင်တဲ့ အချိန် လာပေါ့ကွာတဲ့ ။ ကျွန်တော်တို့ က ဘာနဲ့ သွားသလဲဆိုတော့ ပါစင်နယ် ကယ်ရီယာ (Armour Personal Carrier) နှစ်စီးနဲ့ ၊ လုံခြုံရေးက ဘယ်သူ လိုက်သလဲဆိုတော့ အခုတော့ သေသွားရှာပြီ။ အရင်တုန်းကတော့ တပ်မ (၂၂)က နည်းဗျူဟာမှူး၊ ဟိုတယ်ဝန်ကြီးဖြစ်ဖူးတဲ့ ဗိုလ်စောလွင်ကြီး။ နောက် ဗိုလ်ချုပ်စောလွင်ပေါ့ဗျာ။ သူက အဲဒီတုန်းက ဗိုလ်မှူးကြီးအဆင့်။ သူနဲ့ ကျွန်တော်တို့ ကို လိုက်ပို့တာက တပ်ခွဲနှစ်ခွဲ။ အဲဒီတုန်းက ရှုပ်ထွေးနေ တာကိုးဗျ။

သူတို့ က ပါစင်နယ်ကယ်ရီတစ်စီးနဲ့ ကျွန်တော်နဲ့ ဗိုလ်ချုပ်ကြီးစောမောင်က ပါစင်နယ်ကယ်ရီယာ တစ်စီးနဲ့ ပေါ့။ ဒုဗိုလ်ချုပ်ကြီး သန်းရွှေကိုတော့ ခင်ဗျားက ရုံးမှာ ပဲစောင့်နေ။ ချန်ရစ်ခဲ့ပြီး ကျွန်တော်တို့ နှစ်ယောက် သွားတယ်။ ရုံးကနေ စထွက်တာကတော့ ညနေ ၆ နာရီမှာ ဗျ။ ဒါပေမဲ့ လမ်းမှာ ပိတ်ဆို့တားဆီးထားတဲ့ လမ်းကြောင်းက သွားတဲ့ အခါမှာ လမ်းမှာ သစ်ပင်တွေ အများကြီးပဲ။ ဒါတွေကို ရှင်းပြီးသွားရတယ်။ ဘယ်လောက်ကြာသလဲ ဆိုတော့ အေဒီလမ်းရောက်တဲ့ အချိန်မှာ ည ၁

၀ နာရီထိုးနေပြီ။ ည ၁၀ နာရီမှ ရောက်သွားတာ လမ်းတွေ ဘယ်လောက်ပိတ်ဆို့ထားသလဲ ဆိုတာ စဉ်းစားကြည့်။ လမ်းလယ်ကောင်မှာ အတားအဆီးတွေ လုပ်ထားတယ်။ အသွားအလာမရှိ အောင်လို့ ပေါ့။ နောက်ပြီးတော့ မီးတိုင်အဟောင်းတွေကို လမ်းပေါ်မှာ ပိတ်ဆို့ထားတာတွေ ရှင်းနေရတာနဲ့ ည ၁၀ နာရီမှ ရောက်တယ်။

ကျွန်တော်တို့ လည်း ရောက်ရော အဘိုးကြီးက အိမ်ပေါ်ကနေ ဆင်းလာတယ်။ မင်းတို့ တော်တော်ကြာပါလားကွတဲ့ ။ ဟုတ်ကဲ့ လမ်းမှာ ဘလောက်တုံးတွေနဲ့ တွေ့နေတာနဲ့ ဒီလောက်ကြာသွားတာပါလို့ ။ အေးကွာ တဲ့ ။

ကဲ- ဘာပြောချင်သလဲ ပြောကြစမ်းတဲ့ ။ အဲဒီအချိန်မှာ ဗိုလ်ချုပ်ကြီး စောမောင်ကနေ ဗိုလ်ချုပ် တိုင်းပြည်အခြေအနေကတော့ အတော်ဆိုးဆိုးရွားရွား ဖြစ်နေပါပြီ။ ဘယ်သူမှ ကိုင်တွယ်နိုင်တဲ့ အခြေအနေ အနေအထားမျိုး မရှိတော့ဘူး။ အခုက မင်းမဲ့စရိုက်လည်း ဖြစ်နေပြီ။ လူတွေလည်း ခေါင်းဖြတ် ပြီးအသတ် ခံနေရပြီ။ ပြည်သူတွေလည်း အတော့်ကို ဒုက္ခရောက်နေပါပြီ။ ဘယ်သူမှ လည်း အပြင်လည်း မထွက်ရဲတော့ဘူး။ အပြင်ထွက်ရင်းလည်း ကိုယ့်အသက်ကိုတောင်မှ ရှိမှ ရှိသေးရဲ့ လား။ ဘယ်အချိန်များ ငါ ခေါင်းဖြတ် အသတ်ခံရမှာ လဲ ဆိုတာမျိုး ဒီလိုသောကတွေ ရောက်နေကြပါပြီ။ အုပ်ချုပ် ရေးယန္တရားဆိုတာ မရှိတော့ဘူး။ ဝန်ကြီးတွေ၊ ဒုဝန်ကြီးတွေဆိုတာ ရုံးတွေမှာ မရှိကြတော့ဘူး။ အခြေအနေကတော အတော်ကို ဆိုးရွားနေပါပြီ ပြောပြီးတော့ ဗိုလ်ခင်ညွန့် အသေးစိတ်ထပ် တင်ပြလိုက်ကွာတဲ့ ။

ကျွန်တော်က အသေးစိတ်တင်ပြတဲ့ အခါကျတော့ သူက ငါလည်း ထင်တော့ထင်တယ်ကွာတဲ့ ။ မင်းတို့ လောက် ငါမသိဘူးတဲ့ ။

ဒီလောက်ကြီး ဆိုးဆိုးရွားရွားဖြစ်နေတယ်ဆိုတာ ငါမသိဘူးတဲ့ ။ မင်းတို့ အခုလာပြောမှ ပဲ သိတယ်တဲ့ ။ အဲဒီတော့ မင်းတို့ အခုငါ့ဆီလာပြောတဲ့ အတိုင်း ကျန်တဲ့ လူကြီး တွေသိလားတဲ့ ။ မသိပါဘူးလို့ ကျွန်တော်တို့ က တိုက်ရိုက်လာခဲ့တာ။ မြန်မြန်ရောက်ချင်လို့ လာတာလို့ ။

အဲဒီမှာ ကျွန်တော်တို့ တော်တော့်ကို shock ဖြစ်သွားတယ်။ ငါတို့ တော့ ဒုက္ခပဲ။ မေးတဲ့ question က ကျွန်တော်တို့ ကို ချောက်ချားစေတာ ပေါ့ဗျာ။ အေး ဒီလိုဆိုရင်ကွာတဲ့ မနက်ဖြန်မနက်ကျရင် အဲဒီလူကြီးတွေ သွားပြောလိုက်ဦးတဲ့ ။ နို့မို့ဆိုရင် မင်းတို့ က သူတို့ ကို ကျော်လွန်ပြီး တော့မှ ငါ့ လာပြီး တိုက်ရိုက်တင်တယ်ဆိုရင် မင်းတို့ လည်း မကောင်းဘူးကွာတဲ့ ။ ငါတို့ မှာ အစဉ်အလာရှိတာပဲတဲ့ ။ တစ်ဆင့်ပြီးတစ်ဆင့် တင်ပြရတယ်ဆိုတာ။ လူကြီးတွေစိတ်ထဲမှာ တစ်မျိုးထင်ကြမယ်။ မနက်ဖြန် မိုးလင်းတဲ့ အခါ ကျတော့ မင်းတို့ သွားပြီး အကျိုးအကြောင်း တင်ပြလိုက်တဲ့ ဆိုပြီးမှာ လိုက် ပါတယ်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆရာမောင်သော်က၊ ခင်သီတာထွန်း

တို့ နှင့် အတူ

မိန့်ခွန်းပြောကြားနေသော ဒေါ်အောင်ဆန်းစုကြည်။

နေ-ဝ-တ ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ

ဖျက်သိမ်းပစ်သည့် ကြေညာချက် အမှတ် ၂/၈၇။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု
တည်ဆောက်ရေး အဖွဲ့ ဖွဲ့စည်း

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်

အမိန့်အမှတ် ၁/၈၈

၁၉၅၀ မြည်းနှစ် တော်သလင်းလဆန်း (၈) ရက်
၁၃၁၈ ခုနှစ် စက်တင်ဘာလ (၁၈) ရက်

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကို အောက်ပါ ဥက္ကဋ္ဌလမှာမြန်မာ့ဖွဲ့စည်းပုံဥပဒေသည်-

(၁)	ဗိုလ်ချုပ်ကြီးဝေါဟာရ	ဥက္ကဋ္ဌ
(၂)	ဒုတိယ ဗိုလ်ချုပ်ကြီး သန်းရွှေ	အဖွဲ့ဝင်
(၃)	ဗိုလ်ချုပ် မောင်မောင်ဆင်	အဖွဲ့ဝင်
(၄)	ဗိုလ်ချုပ်ထင်လွန်း	အဖွဲ့ဝင်
(၅)	ဗိုလ်မှူးချုပ် အောင်မဲကျော်	အဖွဲ့ဝင်
(၆)	ဗိုလ်ချုပ်ဘုန်းမြင့်	အဖွဲ့ဝင်
(၇)	ဗိုလ်ချုပ်စိန်အောင်	အဖွဲ့ဝင်
(၈)	ဗိုလ်ချုပ်ချစ်မယ	အဖွဲ့ဝင်
(၉)	ဗိုလ်ရှေးချုပ်ကျော်သာ	အဖွဲ့ဝင်
(၁၀)	ဗိုလ်မှူးကြီးမောင်သင့်	အဖွဲ့ဝင်
(၁၁)	ဗိုလ်မှူးချုပ်မောင်အေး	အဖွဲ့ဝင်
(၁၂)	ဗိုလ်မှူးချုပ်ဘုကော်လင်း	အဖွဲ့ဝင်
(၁၃)	ဗိုလ်မှူးချုပ်မြင့်အောင်	အဖွဲ့ဝင်
(၁၄)	ဗိုလ်မှူးချုပ်မြသင်း	အဖွဲ့ဝင်
(၁၅)	ဗိုလ်မှူးချုပ်တွန်းကြည်	အဖွဲ့ဝင်
(၁၆)	ဗိုလ်မှူးချုပ်ဆေးသောင်	အဖွဲ့ဝင်
(၁၇)	ဗိုလ်မှူးချုပ်မျိုးညွှန့်	အဖွဲ့ဝင်
(၁၈)	ဗိုလ်မှူးချုပ်ခင်ညွှန့်	အတွင်းရေးမှူး (၁)
(၁၉)	ဗိုလ်မှူးကြီးတင်ကြီး	အတွင်းရေးမှူး (၂)

(ဒု) ဗောဓောင်
ဗိုလ်ချုပ်ကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့်

ထိုင်းဝန်ကြီးချုပ် ချာဗလစ် ယောင်ချိုင်ယုဒ် တို့ အတူတွေ့ရစဉ်

၁၉၅၈ မြန်မာနှစ် တောင်သလင်းလဆန်း (၇)ရက်

ဗဒုဓဟ သုခစ် ကော်တင်ဘာလ (၁၈)ရက်

ဗဟိုအာဏာပိုင်အဖွဲ့ အစည်းများကိုဖျက်သိမ်း

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကြေညာချက်

ကြေညာချက်အမှတ် ၂/၁၈

၁။ အောက်ပါ နိုင်ငံတော်အာဏာပိုင် အဖွဲ့အစည်းများကို ပယ်ဖျက်၍ ဖျက်သိမ်းလိုက်သည်။

(က) မြည်သူ့လွှတ်တော်

(ခ) နိုင်ငံတော်ကောင်စီ

(ဂ) ခရိုင်ကြီးအဖွဲ့

(ဃ) မြို့သူ့တရားလွှတ်ကြီးအဖွဲ့

(င) မြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့

(စ) မြည်သူ့လုပ်ငန်းစေလွှတ်ရေးအဖွဲ့နှင့်

(ဆ) မြည်နယ်/တိုင်း/ဖွဲ့နယ်/ရပ်ကွက်/ကျေးရွာကြည်သူ့ကောင်စီအသင်းအဖွဲ့

၂။ ဖုတိယခရိုင်ကြီးများကို ပယ်ဖျက်၍ တာဝန်မှရပ်ဆိုလိုက်သည်။

(ပဲ) စောမောင်

ဗိုလ်ချုပ်ကြီး

ဥက္ကဋ္ဌ

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့။

နိုင်ငံတော်တစ်ဝန်းလုံး အဘက်ဘက်မှ
ယိုယွင်းနေသောစည်းကြပ်ခြင်းနေ့ဈေးရှိခဲ့ခြင်းသိမ်း

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု ကာကွယ်ထောက်ရေးအဖွဲ့ ကြေညာချက်

ကြေညာချက်အမှတ် ၁/၈၈

၁၉၅၀ မြည်ခေါ်မ် တော်သလင်းလဆန်း (၈)ရက်
၁၉၈၈ နှစ် စက်တင်ဘာလ (၁၈) ရက်

၁။ နိုင်ငံတော်တစ်ဝန်းလုံးတွင် အဘက်ဘက်မှ ယိုယွင်းနေသော အခြေအနေ ကို အရှိန်မီ ထိန်းသိမ်းနိုင်ရန်အတွက် မြည်းလွှပ်ပြည်သား အားလုံး အရှေ့ဘက် တစ်မဟာတော်သည် ဆောင်ပါသော်ပါသော်ပင်ပန်းလုပ်ငန်းအာဝဇန်များကိုတစ်ဆောင်ရန်ယခုခေတ်ရှိနိုင်ငံတော်၏အဓိကာ အရေးရပ်ကို လုံးဝသာဝန်ယူလိုက်သည်။

(က) ကရားဝှမ်းဝေပိုးမိုးရေး၊ခုယင်ခြေအေးချမ်းသာယာရေး။

(ခ) ကမ်းရိုးဆက်သွယ်မှု လုံခြုံရေးမြှင့်တင်ရေး။

(ဂ) မြည်းသူများ၏ စားဝတ်နေရေး ရောင်းလည်ရေးရန် ဤအဖွဲ့မှ အရွှမ်းလုံ မြေနေမမ်းဆောင်ရွက်ပေးရန်နှင့်ပုဂ္ဂလိက၊ သင်ကေါ်ယမကို ဆောင်ရွက်နိုင်တောင်လည်း ပတ်နိုင်သမျှ ကူညီ ဆောင်ရွက်ပေးနိုင်ရေး။

(ဃ) အထက်ပါ လုပ်ငန်းရပ်များ မြည်ပုံကြီးကျင် ပါတီရဲ့ ဒီမိုကရေစီ အတွေးတွေ ရွေးကောက်ပွဲ ကျင်းပရေး။

၂။ ပါတီရဲ့ ဒီမိုကရေစီ အတွေးတွေ ရွေးကောက်ပွဲ ဆောင်မြှင်ရာ ကျင်းပမိုင်ရေး အတွက် လုပ်ငန်းအကောင် အထည်ဖော်နိုင်ရန် တတ်နိုင်ပါတီရဲ့ ဒီမိုကရေစီ အရေးလေ ရွေးကောက်ပွဲ ကျင်းပရေးကော်မတီကို ဆက်လက်ထားရှိမည်။

၃။ အရေးလေရွေးကောက်ပွဲကျင်းပသည့်အခါနှင့် အဆင်သင့်ဖြစ်နေရန်အတွက် စမ်းမှန် သော ဒီမိုကရေစီကို သက်ဆိုင်ကိုးကိုးပည့် ပါတီအဖွဲ့အစည်းများသည် ယခုအခါမှစ၍ ပြင်ဆင် ဖွဲ့စည်းနိုင်ကြသည်။

၄။ အထက်ဝါလုပ်ငန်းရပ်များ ဆောင်မြှင်ရေးနှင့်အတွက် သက်ရှိ လုပ်ရှားနေကြောင်း အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ရဟန်းရှင်လူ မြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကူညီကြရန် တိုက်တွန်းပါသည်။

(လက်) ဗောဓမောင်
ဒုတိယဥက္ကဋ္ဌ
ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုကာကွယ်ထောက်ရေးအဖွဲ့

ဘဏ္ဍားဌပနေခေါ်းမိုးရေးရပ်ရွာဖေးချမ်းရေး ရဟန်းရှင်လူပြည်သူလိုက်နာရန်ထုတ်ပြန်

နိုင်ငံတော်ပြန်ဝပ်ပြားမှ တည်ဆောက်ရေးအဖွဲ့ အမိန့်

အမိန့် အမှတ် ၂/၈၈

၁၄၅၀ ခြည်နှစ် တော်သလင်းလဆန်း (၀)ရက်

၁၉၈၈ ခုနှစ် စက်တင်ဘာလ (၁၀)ရက်

၁။ ခြည်တောင်ရပ်ရွာနိုင်ငံတော် အာဏာယူရေးဦးစီးချုပ်ခံ၊ အာဏာယူရေး ဦးစီးချုပ်သည် တရားဥပဒေလိုးပိုးရေး၊ နယ်မြေကေးဆွမ်းသာယာရေး၊ လမ်းပန်းဆက်သွယ်မှုတိုးတိုးရေး၊ ရေနာလမ္ဘေ ဆေးရေး၊ ပြည်သူများ၏ စားဝတ်နေရေး ချောင်ယည်ဝေရေး အတွက် ထမ့ အခြိုန်အခါမှစ၍ ရဟန်းရှင်လူ ပြည်သူတစ်ရပ်လုံး သိုက်နာရန် အောက်ပါအမိန့်လို ထုတ်ပြန်လိုက်သည်-

(က) ဥ ၂၁ ဝ ဝနှာရီအရိန်မှ နံနက် ၁၄ ဝ ဝနှာရီအချိန်အထိ ပည်သူဆို အမိန့်တစ်ရုံ တစ်ရာ မရှိဘဲ လမ်းများပေါ်သို့ ထွက်ရောက်သွားလာမှု မရှိစေရေး

(ခ) ဆူပူလှုံ့ဆော်လိုသော ရည်ရွယ်ချက်ဖြင့်ပြုစေ၊ ပြစ်မှုတစ်ရုံတစ်ရာ ကျူးလွန်လိုသော ရည်ရွယ်ချက်ဖြင့်ပြုစေ လူ ၅ ဦးထက်နှင့် ၅ ဦးထက်အထက် ပိုရှိ တန်းများပေါ်တွင်စုဝေးခြင်း၊ လမ်းလျှောက်ခြင်း၊ စီတန်းလှည့်လည်ခြင်း၊ တောပြောခြင်း၊ ဟစ်အော်ကြွေးကြော်ခြင်း၊ လုံ့ဆော်ခြင်း၊ ဂုန်းရင်းဆန်ခတ်ပြုခြင်း ပည်သူမမျှော်မြင်လုပ်ရန်

(ဂ) မည်သည့်နေရာတွင်မှ သပိတ်စခန်းတွင်ခြင်း၊ ဆူပူလှုံ့ဆော်လိုသော ရည်ရွယ်ချက်ပြင်ပြုစေ၊ ပြစ်မှုတစ်ရုံတစ်ရာ ကျူးလွန်လိုသော ရည်ရွယ်ချက်ဖြင့်ပြုစေ လူစုလူဝေပြုလုပ်ခြင်း၊ ရပ်ခြင်းမည်သူမှ မပြုလုပ်ရန်

(ဃ) လမ်းများပေါ်တွင်အဟာအမေးများ ပြုလုပ်ပိတ်ဆို့ခြင်း၊ လမ်းများပေါ်တွင် လူစုလူဝေးခြင်းမပြုပိတ်ဆို့ဆန့်ကျင်ခြင်း မည်သူမှ မပြုလုပ်ရန်

(င) လုံခြုံရေးတာဝန်ထမ်းဆောင်နေသူများကို မည်သည့်နည်းဖြင့်မှ နှောင့်လှုပ်ခြင်း၊ ဟန့်တားခြင်းမည်သူမှ မပြုလုပ်ရန်

၂။ ဤအမိန့်သည် နောက်ထပ်အမိန့်တစ်ရုံတစ်ရာမထုတ်ပြန်မချင်းအတည်ပြုမည်ဖြစ်ကြောင်း။

(ပုံ) စောဝေဘင်
ဗိုလ်ချုပ်ကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်ပြန်ဝပ်ပြားမှုတည်ဆောက်ရေးအဖွဲ့

နေ-ဝ-တ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမောင်၏ ညှိနှိုင်းအစည်းအဝေးတက်ရောက်ခဲ့သော နေ-ဝ-တ အဖွဲ့ဝင်များ

နေ-ဝ-တ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမောင် မိန့်ခွန်းပြောကြားနေစဉ်

နေ-ဝ-တ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမောင် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည် စာပနသို့ တက်ရောက်၍ ရုပ်ကလာပ်အား ကန်တော့စဉ်။

တိုင်း၊ မြို့နယ်စုနှင့် မြို့နယ်ဆင့် တာဝန်ရှိပုဂ္ဂိုလ်များကို
တွေ့ဆုံဆွေးနွေး၍ မှာ ကြားနေစဉ်။

အခန်း (၃)
အဖေကြီး၏ စီမံခန့်ခွဲမှု

ဒါနဲ့ ကျွန်တော်တို့ အေဒီလမ်း (မေခလမ်း)အိမ်က ပြန်ထွက်လာတဲ့ အခါမှာ ၁၂ နာရီကျော်သွားပြီဗျ။ အပြန်ကျတော့ လမ်းကရှင်းပြီးသားဆိုတော့ မြန်သွားတယ်။ ရုံးကိုပြန်ရောက်။ နောက်တစ်နေ့ ဗိုလ်ချုပ်ကြီးစောမောင်က တို့ မနက် ၆ နာရီခွဲလောက်မှာ လူကြီးတွေဆီ သွားတင်ပြရ အောင်တဲ့ ။ အဲဒီတော့ လူကြီးတွေဆိုတာက နှစ်ယောက်ပါပဲ။ ဗိုလ်ချုပ်ကြီး သူရကျော်ထင်ရယ်၊ ဗိုလ်ချုပ်ကြီးအေးကိုရယ်၊ ဗိုလ်ချုပ်ကြီးအေးကို အိမ်ကို ၇ နာရီလောက်မှာ ကျွန်တော်တို့ သွားလိုက်ကြတယ်။ သွားလိုက်တော့ ဗိုလ်ချုပ်ကြီး သူရကျော်ထင်ကို လှမ်းခေါ်တယ်။ ဗိုလ်ချုပ်ကြီးအေးကို အိမ် မှာ ပဲတွေ့တယ်။ တွေ့ပြီးတော့မှ ညက အခြေအနေကို ကျွန်တော်တို့ က ရှင်း ပြလိုက်တယ်။ ညက ကျွန်တော်တို့ သွားတွေ့လိုက်တယ်ဆိုတဲ့ အခါကျတော့ အေးအေးကောင်းပြီတဲ့ ။ သူတို့ ကလည်း အခြေအနေတွေကို အသေးစိတ် မသိဘူး။ ထပ်ပြီးရှင်းပြရတယ်။ အခြေအနေတွေ ရှင်းပြနေတုန်းမှာ ပဲ ဦးဆက်ထွန်းဆီကနေ ဗိုလ်ချုပ်ကြီးအေးကိုဆီ ဖုန်းဝင်လာတယ်။ အဲဒီတော့ ဥက္ကဋ္ဌကြီးကနေ ခေါ်နေပါတယ်။ ၉ နာရီအရောက်လာပါတဲ့ ။ လူကြီးတွေဆိုတာ တွေ့နေကျလူကြီးတွေပါ။

အင်း... ၆ ယောက်လောက်ရှိပါတယ်။ အဲဒီမှာ ဗိုလ်စောမောင်နဲ့ ကိုခ

င်ညွန့်ရှိလားတဲ့ ။ ရှိတယ်လို့ ပြောလိုက်တော့ သူတို့ နှစ်ယောက်ကိုပါ ခေါ်ခဲ့ပါတဲ့ ။ ၉ နာရီအရောက်ဆိုတော့ သူခေါ်ပြီးတာနဲ့ ကျွန်တော်တို့ တန်းပြီးထွက်လိုက်တယ်။ လုံခြုံရေးက ကျွန်တော်တို့ လုံခြုံရေးပါတာပေါ့။ ဒါက စက်တင်ဘာလ ၁၈ ရက်နေ့မနက် ဖြစ်သွားပြီ။ ကျွန်တော်တို့ သွားတာ စက်တင်ဘာလ ၁၇ ရက်နေ့ညမှာ သွားလိုက်တာ။ ၁၈ ရက်နေ့ မနက် ၉ နာရီအရောက် ကျွန်တော်တို့ အေဒီလမ်းကို သွားကြတယ်။

အဲဒီအခါကျတော့ အိမ်မှာ မဟုတ်တော့ဘူး။ ဥက္ကဋ္ဌကြီးရဲ့ ရုံးမှာ ။ ရုံးကိုသွားတော့ လူကြီးတွေထဲက ဘယ်သူပါသလဲဆိုရင် အဲဒီတုန်းက သမ္မတ ဒေါက်တာမောင်မောင်၊ ဝန်ကြီးချုပ်က သူရဦးထွန်းတင်၊ ဒုဝန်ကြီးချုပ်က ဗိုလ်ချုပ်သန်းတင်၊ ပါတီအထွေထွေအတွင်းရေးမှူးက ဗိုလ်ချုပ်ကြီး အေးကို တွဲဖက်အတွင်းရေးမှူးက ဗိုလ်ချုပ်ကြီးသူရကျော်ထင်၊ နိုင်ငံခြားရေး ဝန်ကြီးက ဦးရဲခေါင်၊ အဲဒီ ၆ ယောက်နဲ့ ကျွန်တော်တို့ နှစ်ယောက်ပါပဲ။

ရုံးမှာ ကျွန်တော်တို့ လည်း လူစုံရော ဗိုလ်မှူးကြီးဆက်ထွန်းကနေ ဥက္ကဋ္ဌကြီးဆီ လှမ်းဆက်တယ်။ အားလုံးစုံ ပါပြီဆိုတော့ ဥက္ကဋ္ဌကြီးက သူ့အိမ်ကနေ ရုံးကို ထွက်လာတယ်။ ရုံးရောက်တော့ ဥက္ကဋ္ဌကြီးက စပြီးတော့ ညကကွာ ငါ့ဆီကို ဒီနှစ်ကောင် ရောက်လာကြတယ်။ အဲဒီတော့ တိုင်းပြည်ရဲ့ အခြေအနေတွေက ငါ့ဆီ သူတို့ ရောက်လာတော့မှ ပဲ သေသေချာချာ သဲသဲကွဲကွဲ သိရတော့တယ်။ စောစောကတော့ ဒီလောက်ဆိုးဆိုးရွားရွားကြီးဆိုတာ ငါမသိဘူးပေါ့ကွာ။ အဲဒီတော့ အခြေအနေကတော့ တော်တော်ဆိုးနေပြီကွာ။ မင်းတို့ ရော နိုင်ရဲ့ လား။ နိုင်နိုင်နင်းနင်း လုပ်နိုင်ကြရဲ့ လားဆိုတော့ မလုပ်နိုင်ပါဘူးတဲ့ ။ ကျန်တဲ့ လူကြီးကလည်း ပြောတယ်။

အဲဒီတော့ ဗိုလ်ချုပ်ကြီး စောမောင်ကို ဗိုလ်စောမောင် မင်းလည်း သူတို့ ကို ထပ်ရှင်းလိုက်ဦး ကွာတဲ့ ။ ဗိုလ်ချုပ်ကြီး စောမောင်က ကိုခင်ညွန့် ခင်ဗျားပဲ ရှင်းပြလိုက်ဆိုလို့ ရှင်းပြရတယ်။ ဥက္ကဋ္ဌကြီးက မင်းတို့ လုပ်နိုင်လား၊ ထိန်းနိုင်လားတဲ့ ။ ကျွန်တော်တို့ မထိန်းနိုင်ပါဘူးလို့ လူကြီးတွေက ပြောတော့ မင်းတို့ ဘာပြောစရာရှိလဲတဲ့ ။ ဘာမှ မရှိပါဘူး။ ဥက္ကဋ္ဌကြီး အစီအမံပါပဲတဲ့ ။ ငါပြောတဲ့ အတိုင်း မင်းတို့ လိုက်နာမလားတဲ့ ။ လိုက်နာပါ့မယ်ဆိုတော့ ကဲ... ကိုစောမောင် ငါတို့ ဘာမှ မလုပ်နိုင်တော့ဘူး။ မင်းတို့ စစ်တပ်ကပဲ တပ်မတော်ကပဲ တိုင်းပြည်ကို တာဝန်ယူလိုက်ကွာတဲ့ ။ အဲဒါ တစ်ဆက်တည်း ပြောတာက မင်းတို့ လုပ်တဲ့ အခ ါမ ၂ ဥပဒေစည်းမျဉ်းစည်းကမ်းတွေနဲ့ ဆက်ပြီးလုပ်ပါတဲ့ ။ ဥပဒေကြောင်းနဲ့ ပတ်သက်ပြီး သမ္မတဒေါက်တာမောင်မောင် ရှိတယ်တဲ့ ။ ဒေါက်တာမောင်မောင်ကနေ ဘယ်လိုလုပ်ရမယ် ဆိုတာကို ရှင်းပြပြီး လမ်းညွှန်သွားမယ်။ ဥပဒေနဲ့ အညီလုပ်ပါတဲ့ ။ ဗိုလ်စောမောင် ငါတို့ ကိုလည်း အရင်အစိုးရဟောင်းဆိုပြီး မင်းတို့ တပ်မတော်က တာဝန်ယူပြီးတဲ့ အခါမှာ တို့ ကို ဖမ်းသင့်ရင် ဖမ်းလိုက်ပါတဲ့ ။ တို့ ကို မင်းထိန်းသိမ်းချင် ထိန်းသိမ်းပါတဲ့ ။ ဒီလိုကိုပြောတာ။ ဘာဖြစ်လို့ လဲဆိုတော့ ငါတို့ မလုပ်နိုင်တော့ဘူးတဲ့ ။ မင်းတို့ တပ်မတော်ပဲရှိတယ်။ တပ်မတော်ပဲ ထိန်းရတော့မှာ ပဲဆိုတော့ ဗိုလ်ချုပ်ကြီး စောမောင်က ပြန်ပြောသေးတယ်။ ကျွန်တော် ဘာလုပ်ရမလဲတဲ့ ။ ကျွန်တော်လည်း မလုပ်တတ်ဘူး၊ ဘာလုပ်ရမှန်းလည်း မသိဘူးတဲ့ ။ အေး... စောမောင် မင်းတို့ တပ်မတော်ကလွဲလို့ ကျန်တဲ့ သူကို တိုင်းပြည်က အားကိုးလို့ မရဘူးတဲ့ ။ မင်းတို့ ပဲ ထိန်းရမှာ ပဲတဲ့ ။ မင်းတို့ ထိန်းမှ ဖြစ်မှာ တဲ့ ။ မင်းတို့ မသိတာတွေ ဥပဒေကြောင်းနဲ့ ညီညွတ်အောင် ဒေါက်တာမောင်မောင် ရှိတယ်။ အဲဒီနောက် ဒေါက်တာမောင်မောင်ဘက် လှည့်ပြီး မောင်မောင် မင်းက သူ

တို့ အားလုံးကို ရှင်းပြပေးပါတဲ့ ။ ကဲ... သွားကြတော့ ကွာတဲ့ ။

ဥက္ကဋ္ဌကြီး ဦးနေဝင်းက ဘယ်သူက ဘာတာဝန်ဆိုပြီး စီစဉ်မပေး လိုက်ဘူး။ ကျွန်တော့်ကိုတော့ ဗိုလ်စောမောင် မင်းဦးဆောင်လုပ်ပါ။ အဲဒီတော့ ကိုခင်ညွန့်ကတော့ မင်းတို့ နှစ်ယောက် အခုတွဲလုပ်နေတာပဲ။ ခင်ညွန့် ကိုတော့ မင်းတို့ အတွင်းရေးမှူး တာဝန်ပေးရင်ရတာပေါ့ကွာတဲ့ ဆိုပြီး ပြောလိုက်တယ်။ ဒါပဲပြောလိုက်တာ။ ကျန်တာတော့ ဘယ်သူဘာ ညာဆိုတာ စီစဉ်မပေးလိုက်ဘူး။

အဲဒီတော့ ကျွန်တော်တို့ ဘယ်ကို သွားရသလဲဆိုတော့ ဝင်ဒါမီယာ ကို သွားတယ်။ သမ္မတရုံးပေါ့။ အဲဒီမှာ က အဲဒီအချိန်တုန်းက သမ္မတရုံး မှာ အဲဒီအချိန်တုန်းက သမ္မတရုံးမှာ သမ္မတရုံး ညွှန်ကြားရေးမှူးချုပ်က ကိုကက်စိန်၊ နောင် ကျန်းမာရေးဝန်ကြီးဟောင်း ဗိုလ်ချုပ်ကက်စိန်ပေါ့။ သူက အဲဒီတုန်းက သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကက်စိန်။ ရှေ့မီနောက်မီဆိုတာ သူတစ်ယောက်ပဲ ရှိတော့တယ်။

အဲဒီရောက်တော့ လုပ်ရမယ့်ကိစ္စတွေကို ဒေါက်တာမောင်မောင်ကပဲ ဥပဒေနဲ့ အညီ လုပ်ရမှာ လေးတွေ။ သူက ကဲ...ကိုခင်ညွန့်လေးရေ လာကွာဆိုပြီး ကျွန်တော်က သူပြောတာ လိုက်ရေးတာပေါ့ဗျာ။ သူက ဥပဒေကြောင်းနဲ့ အညီ အမိန့်တွေထုတ်ရတော့မယ်ဆိုတော့ အမိန့်နဲ့ ညွှန်ကြားချက် စုစုပေါင်း ၄ စောင်ကို ကျွန်တော်က လိုက်ရေးတာပေါ့။ အဲဒီလိုရေးပြီး ကျွန်တော်က ပြန်ဖတ်ပြ၊ သူက ဒါလေးထည့်လိုက်ဦး၊ ဒါတော့ဖြည့်လိုက်ဦး။ အဲဒီလိုပြင်ပေးတာ။ အဲဒါနဲ့ ပဲ အမိန့်နဲ့ ညွှန်ကြားချက် ၄ စောင်ဖြစ်လာပါတယ်။

အဲဒီအချိန်မှာ ဘယ်လောက်ကြာသွားသလဲဆိုတော့ နေ့လယ် ၂ နာရီ ကျော်သွားပြီဗျ။ ထမင်းစားတာက ဘယ်က ထမင်းစားသလဲဆိုတော့ အဲ

ဒီအချိန်တုန်းက ဆိုင်တွေကလည်း အကုန်လုံးမရှိတော့ဘူးလေ။ ခေါက်ဆွဲ ဆိုင်ပဲရှိတယ်။ ရှစ်မိုင်လမ်းဆုံမှာ ။ ခေါက်ဆွဲဆိုင်ကို ကိုကက်စိန်ကို လူကြီးတွေ စားဖို့ ခေါက်ဆွဲကြော် သွားဝယ်ဆိုပြီး သူ့အဖွဲ့လေးနဲ့ ရှစ်မိုင်ကို သွားဝယ်ခိုင်းတာ။ ခေါက်ဆွဲနဲ့ မနက်စာပေါ့။ အဲဒီတော့ ဗိုလ်ချုပ်ကြီးစောမောင်ကနေ ကိုခင်ညွန့်စစ်ရုံးက ကိုသန်းရွှေဆီကို လှမ်းဆက်လိုက်ဦးနော်တဲ့ ။ ကျွန်တော်တို့ ဒီမှာ ရောက်နေတယ်။ ဒီမှာ ရှိပါတယ်။ ဘယ်အချိန်လောက် စစ်ရုံးကို ရောက်မယ်။ ကျန်တဲ့ လူကြီး တွေ စုထားလိုက်ပါ။ ဒါပဲ ပြောလိုက်တယ်။

ကျွန်တော်တို့ က အားလုံး အဆင်သင့်ဖြစ်ပြီဆိုတော့ ဗိုလ်ချုပ်ကြီး တွေအားလုံးက ကျွန်တော်တို့ ကို ငေးကြည့်ပြီးတော့ ဗိုလ်ချုပ်ကြီးအေး ကိုရော၊ ဗိုလ်ချုပ်ကြီးသူရကျော်ထင်ကရော ကိုစောမောင် ကျုပ်တို့ ကို ထိန်းချုပ်ရင် ထိန်း၊ ခင်ဗျားတို့ တာဝန်ယူတော့ ခင်ဗျားတို့ သဘောပဲတဲ့ ။ ကျွန်တော်တို့ လည်း ဘယ်ပြောရက်မှာ လဲ။ အဲဒီကနေ ကျွန်တော်တို့ က ၂ နာရီခွဲလောက်မှာ ဝင်ဒါမီယာက ထွက်လာတယ်။ စစ်ရုံးမရောက် ခင် လမ်းမှာ ပဲ ဗိုလ်ချုပ် ကြီးစောမောင်က ကိုခင်ညွန့် ခင်ဗျားတို့ ဒါတွေ ထုတ်ဖို့ အတွက် ညနေ ၄ နာရီမှာ မြန်မာ့အသံက သတင်းထုတ်ရမှာ ကိုးဗျ။ မြန်မာ့အသံကို အဲဒီတုန်းက ကွန်ထရိုး (ထိန်းချုပ်မှု) မရှိတော့ ဘူး။ မြန်မာ့အသံဟာ လွှင့်တဲ့ စက်၊ ဘာတို့ ညာတို့ ကို ဖျက်မယ့်သူတွေ က ဆားနဲ့ ပက်မယ်ဆိုတာမျိုး လုပ်နေကြတယ်။ ရေတွေနဲ့ ပက်မယ်၊ ဆားနဲ့ ပက်မယ်ဆိုတာ မျိုးတွေဖြစ်နေတယ်။ အဲဒီမှာ မြန်မာ့အသံမှာ ကွန်ထရိုးမရှိဘူးဗျ။ အကုန်လုံးက ဆန္ဒပြနေကြပြီကိုးဗျ။

ကျွန်တော်တို့ စစ်ရုံးလည်း ရောက်တော့ ကဲ... ခင်ဗျား အဲဒီလေးစော င်ကို အချိန်မီသွားလုပ်၊ ကိုယ်က ကျန်တဲ့ လူကြီးတွေခေါ်ပြီး ပြောစရာရှိ တာ ပြောနှင့် မယ်ဆိုပြီး ဗိုလ်ချုပ်ကြီးစောမောင်က အစည်းအဝေးခန်း

ထဲ ကျန်ခဲ့တယ်။ ကျွန်တော်က သပ်သပ်အခန်းမှာ အရာရှိတစ်ယောက်ကို ခေါ်ပြီးတော့မှ ပြန်ပြီးအချောပြန်ရိုက်ပေါ့ဗျာ။ ၄ နာရီဆိုတော့ ၄ နာရီ အမီလုပ်ရမှာ ကိုးဗျ။ အဲဒီတော့ ၃ နာရီခွဲလောက်မှာ ကျွန်တော်ပြီးတယ်။ စာအိတ် ၄ အိတ်ထဲကို တိုက်ရိုက်ထည့်၊ စာအိတ်နံပါတ်တစ်၊ နှစ်၊ သုံး၊ လေး နံပါတ်ပဲ တပ်ထားတယ်။ အဲဒီမှာ ဘယ်သူ့ကို ခေါ်ပြီး ကျွန်တော် တာဝန်ပေးသလဲဆိုတော့ ဆက်သွယ်ရေး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မျိုးညွန့်၊ နောက်တစ်ယောက်က စစ်ဥပဒေချုပ် ဗိုလ်မှူးကြီးသန်းဦး၊ သူတို့ နှစ်ယောက်ကို ခေါ်ပြီး ဒီစာအိတ် လေးအိတ်ကို ခင်ဗျားတို့ မြန်မာ့အသံကို ယူသွား၊ စာတွေကို ကျွန်တော်က ချိတ်ပိတ်ထားလိုက်ပြီ။ နံပါတ်စဉ်အတိုင်းပဲ တစ်၊ နှစ်၊ သုံး၊ လေး။ တစ် ပြီးတော့မှ နှစ်ကို ဖွင့်ကြေညာပြီးရင် သုံးဖွင့်ကြေညာ၊ ပြီးရင် လေးဖွင့်ကြေညာ၊ တစ်ခုပြီးမှ တစ်ခုဖွင့်ရမယ်လို့ ၊ ခင်ဗျားတို့ က သူတို့ ကြေညာတာကို စောင့်ပြီးတော့ ကြည့်ပေါ့လို့ ဆိုပြီး သူတို့ နှစ်ယောက်ကို လွှတ်လိုက်တယ်။ ၄ နာရီ ဒေါင်ခနဲဆိုတာနဲ့ ကျွန်တော်တို့ ကြေညာလိုက်တာပဲ။ အဲဒီဖြစ်စဉ် ဖြစ်ရပ်အမှန်ပဲ။ (ထိုစဉ်က နဝတ၏ သတင်းထုတ်ပြန်ချက်ကို ကြေညာပေး သူမှာ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်သူရဘိုနီ၏ ဇနီး ဒေါ်ခင်မလေး ဖြစ်သည် ။ စာရေးသူ)

အစိုးရအဖွဲ့ ဖွဲ့တော့ စစ်ရုံးမှာ ရှိတဲ့ လူကြီးတွေအားလုံးကို ထည့်ရတာပေါ့ဗျာ။ စစ်ရုံးမှာ ဆိုတော့ နဝတအဖွဲ့ ဖွဲ့တဲ့ အခါမှာ ဥက္ကဋ္ဌကတော့ ဗိုလ်ချုပ်ကြီးစောမောင်ပေါ့။ ကျွန်တော်က အဲဒီအဖွဲ့ ဖွဲ့တဲ့ အချိန်မှာ ဝင်ဒါမီယာမှာ တိုင်ပင်ပြီး ဖွဲ့လိုက်တာဗျ။ စစ်ရုံးကျတော့မှ ဖွဲ့တာ မဟုတ်ဘူး ။ ဝင်ဒါ မီယာမှာ လူကြီးတွေနဲ့ တိုင်ပင်ပြီးတော့ လူကြီးတွေက တိုင်းမှူးတွေတော့ ပါရမှာ ပေါ့ဗျာတဲ့ ။ အဲဒီမှာ တင် ကျွန်တော်တို့ စစ်ရုံးမှာ ရှိတဲ့ စစ်ရေးချုပ်တို့ ၊ စစ်ထောက်ချုပ်တို့ ၊ ကစထမှူး (စစ်ဆင်ရေး

အထူးအဖွဲ့) တို့ ပေါ့ဗျာ။ အဲဒီ တုန်းက ကထစမှူးက ဗိုလ်ချုပ်စိန်အောင်နဲ့ ဗိုလ်ချုပ်ချစ်ဆွေ၊ စစ်ထောက်ချုပ်က ဗိုလ်ချုပ်အုန်းမြင့်တို့ ၊ စစ်ရေးချုပ်က ဗိုလ်ချုပ်အောင်ရဲကျော်၊ အဲဒီ အချိန်တုန်းက ဗိုလ်ချုပ်အောင်ရဲကျော် တောင် ခရီးသွားနေတယ်နဲ့ တူတယ်။ ကိုရီးယားသမ္မတနိုင်ငံမှာ ဆိုးလ်အိုလံပစ်ကိစ္စနဲ့ ။ ပြန်တောင်မရောက် သေးဘူး။ လေယာဉ်ပျံပေါ်မှာ ပဲ ရှိသေးတယ်။ ဒီမှာ က ဖွဲ့လိုက်ပြီ။ စစ်ရုံးမှာ ရှိတဲ့ ဗိုလ်ချုပ်တွေအားလုံးပေါ့။ ပြီးတော့ ဆက်သွယ်ရေး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မျိုးညွန့်ကို ပြန်ကြားရေး တာဝန်ပေးလိုက်တာပေါ့။

ဟိုမှာ ကတော့ တိုင်းမှူးတွေထည့်ပါဆိုပြီးတော့ ပါတာပေါ့။ ကျန်တဲ့ အသေးစိတ်က စစ်ရုံးကျမှ ပြန်လုပ်လိုက်တာ။ အဲဒီမှာ ကျွန်တော်တို့ ခင်ဗျားတို့ သိအောင် ဟိုမှာ တင် ကျွန်တော်က ပြောလိုက်တယ်။ အတွင်းရေးမှူး တစ်ယောက်တည်းနဲ့ မရဘူးလို့ ။ တစ်နိုင်ငံလုံးကို စီမံခန့်ခွဲရမှ အတွင်းရေးမှူး အဓိကအခရာ ဖြစ်နေပါတယ်လို့ ။ အသေးစိတ်လုပ်ရမှာ ဆိုတော့ ကျွန်တော်တစ်ယောက်တည်း မရပါဘူးလို့ ။ ဒါဖြင့်ရင် အတွင်းရေးမှူး (၁) (၂) နှစ်ယောက်ထားပေါ့။ ဘယ်သူ့ကို ထားချင်လဲတဲ့ ။ ကျွန်တော်က ဗိုလ်မှူးကြီးတင်ဦးကို ထည့်မယ်လို့ ပြောလိုက်တယ်။ အဲဒီနေ့မှာ ပဲ ဗိုလ်ချုပ် ကြီးစောမောင်က ဗိုလ်မှူးကြီးခင်ညွန့်ကို ဒီနေ့ကစပြီး ဗိုလ်မှူးချုပ်တာဝန် ပေးလိုက်ပါ။ ဒါမှ သူတိုင်းပြည်အတွက် အလုပ်လုပ်ဖို့ အဆင်ပြေမယ်။ နို့မို့ဆိုရင် ဒီရာထူး ငယ်လေးနဲ့ တော့ သူမဖြစ်ဘူးတဲ့ ။ ပရိုမိုးရှင်းပေးလိုက်ဆိုပြီး ချက်ချင်းရုံးရောက်တာနဲ့ ကျွန်တော့်ကို ဗိုလ်မှူးချုပ်ရာထူး ခန့်အပ်တဲ့ စာ ထွက်လာတယ်" ဟူ၍ ဖော်ပြထားပါသည် ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်

N. L. D ရုံးချုပ်ဖွင့်ပွဲ အခမ်းအနား၌ ဦးတင်ဦး၊ ဦးအောင်ရွှေ၊ ဦးချစ်လှိုင်တို့ နှင့် အတူ တွေ့ရစဉ်

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အဖွဲ့ချုပ်ရုံး ဖွင့်ပွဲအခမ်းအနား၌ ဥက္ကဋ္ဌဦးတင်ဦးနှင့် အတူ တွေ့ရစဉ်

ရန်ကုန်မြို့ အမှတ် ၄၄၊ တက္ကသိုလ်ရိပ်သာလမ်းရှိ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးချုပ် ဖွင့်ပွဲအခမ်းအနားကို တွေ့ရစဉ်။

အဖွဲ့ချုပ်ရုံးကို နောင်တွင် ရွှေဂုံတိုင်သို့ ပြောင်းရွှေ့ခဲ့သည် ။

အခန်း (၄)
နဝတ စစ်အစိုးရအဖွဲ့ ဖွဲ့စည်းခဲ့စဉ်က

ဗိုလ်ချုပ်ခင်ညွန့် အင်တာဗျူးစာအုပ်နှင့် ပတ်သက်၍ မောင်လွင်မွန် (ကသာ)က "ဗိုလ်ချုပ်ကြီးဟောင်း၊ ထောက်လှမ်းရေးမှူးဟောင်း ဦးခင်ညွန့် သို့ တုံ့ပြန်ချက်" စာအုပ်၌ အောက်ပါအတိုင်း ပြန်လည်တုံ့ ပြန်ရေးသား ထားလေသည် ။

"၁၉၈၈ အရေးအခင်းကာလကြီးမှာ တန်ပြန်အဖျက်အမှောင့် လုပ်ငန်းများကို ဆောင်ရွက်ရန်ဆိုတဲ့ အမိန့်ကို ထောက်လှမ်းရေး ညွှန်ကြားရေးမှူးအနေနဲ့ လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့တာကို ပြန်သတိရမိပါတယ်။ အစိုးရအလိုတော်ရိများကတော့ ဒီအမိန့်ဟာ အတုကြီးဆိုပြီး ပြောကြတာရှိ ပါတယ်။ အတုလား၊ အစစ်လားတော့ ကျွန်တော်တို့ မပြောတတ်ပါဘူး။ အဲဒီအမိန့်အတိုင်း ဖြစ်ပျက်ခဲ့တယ် ဆိုတာကိုတော့ သမိုင်းက သက်သေခံနေပါတယ်။

၁၉၈၈ ခုနှစ် စက်တင်ဘာ ၂ ရက်နေ့လောက်စပြီး ရန်ကုန်မြို့တစ်ဝန်း ကုန်လှောင်ရုံတွေ၊ စက်ရုံတွေ၊ တက္ကသိုလ်ဓာတ်ခွဲခန်းတွေ ဖျက်ဆီးလုယက်ခံရပြီး အနားမှာ ရှိကြတဲ့ စစ်တပ်တွေက အမိန့်မရလို့ ဆိုပြီးလက်ပိုက်ကြည့်နေခဲ့တာ ဆန္ဒပြလူထုကို အဆိပ်ခပ်ထားတဲ့ ရေတွေတိုက်၊ ဆေးခပ်ထားတဲ့ မုန့်တွေဝေလုပ်ခဲ့တာ၊ စက်တင်ဘာ ၂ ရက်နေ့က အင်း

စိန်မှာ အဆိပ်ခပ်ထားတယ်လို့ ယူဆရတဲ့ လူတစ်ယောက်မိလို့ သူကဓာ
တ်ဆားရေပါလို့ ပြောတဲ့ အဲဒီရေကို ပြန်သောက်ခိုင်းရာမှ ပွဲချင်းပြီးသေ
ဆုံးခဲ့တာ၊ စက်တင်ဘာ ၅ ရက်မှာ တောင်ဥက္ကလာပ ဘီစကွတ်စက်ရုံ
အကြမ်းဖက်ခံရပြီး သံဃာနဲ့ ကျောင်းသားတွေကို ဖမ်းသွားခဲ့တာ။ အဲဒီ
လူတွေကို ပြည်သူကဖမ်းမိတဲ့ အခါ သံဃာခေါင်း တစ်ခေါင်းကို ငွေတစ်
သောင်းကျပ်၊ ကျောင်းသားခေါင်းကို ငွေငါးထောင်ကျပ်နဲ့ ဆန်တစ်အိတ်
စီ ပေးမယ်လို့ ခိုင်းစေခဲ့ကြောင်း ထွက်ဆိုခဲ့တာတွေ၊ စက်တင်ဘာ ၈ ရ
က်မှာ ကလေးဆေးရုံကြီး ရေစင်ထဲ ကို အဆိပ်ခပ်ဖို့ ကြံတဲ့ လူငါးဦးကိုဖ
မ်းမိပြီး လူထုက စစ်ဆေးမေးမြန်းလို့ မရတဲ့ အတွက် ဒေါသဖြစ်ပြီး သုံး
ဦးကို သတ်ဖြတ်လိုက်ကြတာ။ သူတို့ ဆီက ပါလာတဲ့ ပုလင်းတွေကို ဓာ
တ်ခွဲခန်းမှာ စစ်ကြည့်တော့ အဆိပ်တွေ တွေ့တာ၊ စက်တင်ဘာ ၈ ရက်
မှာ ပဲ ဆန္ဒပြချီတက်လာတဲ့ ရှေ့နေတစ်ဦး ဂျင်ကလိနဲ့ အပစ်ခံရတာတွေ
၊ ၁၀-၉-၈၈ နေ့ထုတ် လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာမှာ ဖော်ပြခဲ့တဲ့
တန်ပြန်အဖျက်သမားတစ်ဦး ဖမ်းမိရာ ခလရ (၇၀)က လို့ သိရပြီး အော
င်ဆန်းကွင်းမှ၁ တပ်မ (၂၂)ရဲ့ ကြီးကြပ်မှု နဲ့
ဂျင်ကလိပစ်လေ့ကျင့်ခဲ့ရကြောင်း၊ ဗိုလ်တထောင်သတင်းစာမှာ ဖော်ပြ
ခဲ့တာတွေဟာ အဲဒီအစစ်လား၊ အတုလား မသိရတဲ့ အမိန့်အတိုင်း ဖြစ်
နေတာကို တွေ့ခဲ့ကြရတာပါပဲ။

ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး တန်ပြန်သပိတ်ဖြိုခွဲရေးအတွက် ဥပဒေမဲ့
လုပ်ရပ်များ ဖြစ်ပွားအောင် လုပ်မယ့် အကြံအစည်များကို ဦးနေဝင်းအိ
မ်မှာ ကျင်းပတဲ့ အစည်းအဝေးက ဘယ်လိုဆုံးဖြတ်ခဲ့တယ် ဆိုတာ
တပ်ကြပ်တစ်ဦး အမည်နဲ့ ပြည်သူတွေကို အစောကြီးကတည်းက သတ
င်းပေးထားတာလည်း ရှိခဲ့ပြီး အဲဒီအတိုင်းလည်း ဖြစ်ခဲ့တာပါပဲ။ ဒီကိစ္စ
တွေနဲ့ ပတ်သက်ပြီးဥပဒေနဲ့ အညီ ဆန္ဒပြခဲ့ကြ၊ သိန်းနဲ့ ချီပြီး လမ်းပေါ်

ထွက်ခဲ့ကြ၊ အုပ်ချုပ်ရေးယန္တရား တစ်ခုလုံး ရပ်သွားခဲ့ရဖြစ်ခဲ့တာတွေကို ဥပဒေမဲ့ဖြစ်အောင် ယုတ်ယုတ်မာမာ လှုံ့ဝှက်ကြံစည်ခဲ့ပြီးခါမှ နောင်နှစ်ပေါင်း အစိတ်လောက် ကြာသွားတဲ့ အခါ ဒီစနစ်ဆိုးကြီးကြောင့် ကိုယ်တိုင်ရော၊ မယားရော၊ သားရော၊ သမက်ရော ထောင်နန်းစံခဲ့ရတာတောင် သင်ခန်းစာမရသေးဘဲ "ခေါင်းတွေဖြတ်ကုန်လို့ မဖြစ်တော့ဘူးဆိုပြီး အဖေကြီးဆီသွား (အဖေကြီးကို အရင်ကခေါ်ခဲ့ရင်တောင် အခု ဗိုလ်ချုပ်လို့ သုံးနှုန်းရင်လည်း ရပါလျက်နဲ့ အဖေကြီးလို့ မြိန်ရေယှက်ရေခေါ်နေသေးတာကိုက သူ့ရပ်တည်ချက်ပေါ်တွင် နေတော့တာပါပဲ) အမိန့်နာခံလို့ ပြည်သူ့အကျိုးအတွက် မတတ်သာဘဲ အာဏာသိမ်းခဲ့ရပါတယ် ဆိုတာကို ပြန်ပြောရဲနေသေးတာဖြင့် မပြောင်းလဲနိုင်သေးတာကို ပြနေတယ် ဆိုတာ မြင်သာပါတယ်။

အဖေကြီးဆီသွားခန်းမှာ လည်း အဖေကြီးကလည်း "ဒီလောက်ကြီးဆိုးဆိုးရွားရွားဖြစ်နေတာ ငါမသိဘူးကွာ"တဲ့ ။ သူတို့ ပြောပြမှ သိတယ်ဆိုပဲ။ ကဲ ဖြစ်ပုံများ ။ တစ်ခါ မင်းတို့ ငါ့ဆီ တိုက်ရိုက်တင်တယ်ဆိုတာ မကောင်းဘူးဆိုပြီး လူကြီးတွေကို သွားပြောလိုက်ဦးဆိုတော့ နောက်ရက်မှာ သွားပြောတယ်။ လူကြီးဆိုတာ နှစ်ယောက်ပါပဲတဲ့ ။ ဗိုလ်ချုပ်ကြီး နှစ်ယောက် သူရကျော်ထင်နဲ့ အေးကိုတဲ့ ။

သူတို့ ကလည်း အခြေအနေတွေကို အသေးစိတ်မသိဘူးတဲ့ ။ ထပ်ရှင်း ပြရသတဲ့ ။ ကဲ အဲဒီက အုပ်ချုပ်တဲ့ အစိုးရကြီးများ တော်ကြပုံပေါ့ဗျာ ။ ဗိုလ်ခင်ညွန့်လိုလူသာ မရှိရင် သူတို့ က ဘာမှ သိမယ့်ပုံ မပေါ်ဘူးဗျ။ အဲဒီအချိန်မှာ ဗိုလ်ချုပ်ကြီးအေးကိုဆီကို ဖုန်းလာသတဲ့ ။ ဥက္ကဋ္ဌကြီးက တွေ့နေကျလူ ၆ ယောက်တွေ့ဖို့ ခေါ်သတဲ့ ။ အဲဒီ ၆ ယောက်က အဲဒီတုန်းက သမ္မတ ဒေါက်တာမောင်မောင်၊ ဝန်ကြီးချုပ် သူရဦးထွန်းတင်၊ ဒုဝန်ကြီးချုပ် ဗိုလ်ချုပ်သန်းတင်၊ ပြီးတော့ခုနက ဗိုလ်ချုပ်ကြီးနှစ်ယောက် (

သူရကျော်ထင်နဲ့ အေးကို) ပြီးတော့ နိုင်ငံခြားရေးဝန်ကြီး ဦးရဲခေါင်တဲ့ ။ သူတို့ က တွေ့နေကျ ဆိုပြီး ဘာမှ လည်း အသေအချာ မသိကြဘူးဆို တော့ တွေ့တွေ့ပြီး ဘာတွေများ လုပ်ကြသလဲလို့ တွေးပြီး အံ့သြမိသဗျ။

နောက်ဆုံးတော့ အဲဒီ ၆ ယောက်နဲ့ သူတို့ နှစ်ယောက် ဗိုလ်စောမောင် နဲ့ ဗိုလ်ခင်ညွန့်အားလုံး ၈ ယောက်ဆုံးကြတော့ ဗိုလ်နေဝင်းက ဗိုလ်စောမောင်ကို သူတို့ ကိုရှင်းပြလိုက်ပါဆိုရာမှာ ဗိုလ်စောမောင်ကလည်း ကိုခင်ညွန့် ရှင်းပြပါတဲ့ ။ သူပဲအသေးစိတ်သိတာ ဆိုသတဲ့ ဗျ။

ဒီနေရာမှာ "သူပဲအသေးစိတ်သိတာ" ဆိုတာဟာ ဘာကိုဆိုလိုသလဲ။ "တိုင်းပြည်ကြီး ချောက်ထဲကျဖို့ လက်နှစ်လုံးပဲလိုတာကို သူတစ်ယောက် တည်းပဲသိလို့ " တင်ပြရတာလား။ ဒါမှ မဟုတ် "ဒီလိုအခြေအနေကို ရောက်အောင်အချိန်ပေး လျှို့ဝှက်ပြီး မဟုတ်မဟတ်တွေ ကြံစည်ခဲ့တာဖြင့် အထမြောက်ပြီး အချိန်သင့်ပါပြီ" လို့ သူတစ်ယောက်ပဲ သိတာလား သို့မဟုတ်ရင် ဒီအချိန် ဒီအနေအထားမှာ ဘယ်လိုလုပ်မှ ပဲ ဖြစ်တော့မယ် ဆိုတာကို "သူ တစ်ယောက်တည်း သိရှိနေလို့ " ရှင်းပြ ရတာလားဆိုတာ အတော် စိတ်ဝင်စားစရာ ကောင်းပါသတဲ့ ဗျာ။

နောက်တော့ ဥက္ကဋ္ဌကြီးက ကျန်တဲ့ ဟာတွေနဲ့ မနိုင်တော့ဘူး။ တပ်ဝင်မှ ဖြစ်မယ်ဆိုတော့ ဗိုလ်စောမောင်က မလုပ်တတ်ဘူးဆိုလည်း မရ၊ မင်းတို့ ပဲထိန်းရမှာ ဆိုပြီး ဥပဒေနဲ့ ညီအောင် ဒေါက်တာမောင်မောင် ရှိတယ်ဆိုပြီး ထည့်လွှတ်လိုက်ပါရောတဲ့ ။ အဲဒီမှာ သမ္မတရုံးကို သွားပြီး ဒေါက်တာ မောင်မောင်ပြောတဲ့ အမိန့်တွေကို သူကလိုက်ရေးရတယ် ဆိုတာကိုး။ ကမ္ဘာ့သမိုင်းမှာ အာဏာသိမ်းခံရတော့မယ့် သမ္မတက အာဏာသိမ်းမယ့်အမိန့်ကို နှုတ်တိုက်ချပေးပြီး ရေးခိုင်းတယ်ဆိုတာ ကျွန်တော်တို့ မြန်မာနိုင်ငံကြီးမှာ ပဲ ရှိခဲ့တာကတော့ အလွန်အလွန်ကို ဂုဏ်

ယူစရာကြီးပေါ့ခင်ဗျာ" ဟူ၍ တုံ့ပြန်ရေးသားထားလေသည် ။

ထို့နောက် ရှစ်ဆယ့်ရှစ် ဒီမိုကရေစီအရေးတော်ပုံကြီး၌ ငြိမ်းချမ်းစွာ ဆန္ဒပြနေသည် ကို စစ်အင်အားဖြင့် ရက်စက်စွာဖြိုခွင်းပြီးနောက် နိုင်ငံတော် တစ်ဝန်းလုံး အဘက်ဘက်မှ ယိုယွင်းနေသော အခြေအနေကို အချိန်မီထိန်းသိမ်း သည် ဟု ဆိုကာ ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်ညနေ ၄ နာရီတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင် (နောင် ဗိုလ်ချုပ်မှူးကြီး) ဦးဆောင်သော နဝတ ခေါ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ကြေညာချက်အမှတ် ၁/၈၈ ကို ထုတ်ပြန်ခဲ့သည် ။ ကြေညာချက်အပြည့် အစုံမှာ -

၁။ နိုင်ငံတော်တစ်ဝန်းလုံးတွင် အဘက်ဘက်မှ ယိုယွင်းနေသော အခြေအနေကို အချိန်မီထိန်းသိမ်းနိုင်ရန်အတွက် ပြည်သူပြည်သားအားလုံး အကျိုးငှာ တပ်မတော်သည် အောက်ပါ လက်ငင်းလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် ယနေ့မှ စ၍ နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို လုံးဝတာဝန်ယူလိုက်သည် ။

(က) တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး။

(ခ) လမ်းပန်းဆက်သွယ်မှု လုံခြုံ ချောမွေ့စေရေး။

(ဂ) ပြည်သူများ ၏ စားဝတ်နေရေး ချောင်လည်စေရန် ဤအဖွဲ့မှ အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက် ပေးရန်နှင့် ပုဂ္ဂလိက၊ သမဝါယမ တို့ ဆောင်ရွက်နိုင်အောင်လည်း တတ်နိုင်သမျှ ကူညီဆောင်ရွက် ပေးနိုင်ရေး။

(ဃ) အထက်ပါလုပ်ငန်း ရပ်များ ပြည့်စုံပြီးလျှင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး။

၂။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်း အကောင်အထည်ဖော်နိုင်ရန် လက်ရှိပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်ကို ဆက်လက် ထားရှိမည်။

၃။ အထွေထွေရွေးကောက်ပွဲ ကျင်းပသည့် အချိန်တွင် အဆင်သင့်ဖြစ်စေရန်အတွက် စစ်မှန်သော ဒီမိုကရေစီကို လက်ခံကျင့်သုံးမည့် ပါတီအဖွဲ့အစည်းများ သည် ယခုအခါမှ စ၍ ပြင်ဆင်ဖွဲ့စည်း နိုင်ကြသည် ။

၄။ အထက်ပါလုပ်ငန်းရပ်များ အောင်မြင်စေရန်အတွက် လက်ရှိလူပ်ရှား နေကြသော အဖွဲ့အစည်းများ ၊ ပုဂ္ဂိုလ်များ နှင့် ရဟန်းရှင်လူ ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကူညီကြရန် တိုက်တွန်းပါသည် ။

(ပုံ) စောမောင်

ဗိုလ်ချုပ်ကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု

တည်ဆောက်ရေးအဖွဲ့

တစ်ဆက်တည်းမှာ ပင် ဗဟိုအာဏာပိုင်အဖွဲ့အစည်းများကို ဖျက်သိမ်းပစ်သည့် ကြေညာချက် အမှတ် ၂/၈၈ ကို ထုတ်ပြန်ခဲ့သည် ။

ဖျက်သိမ်းလိုက်သည့် နိုင်ငံတော် အာဏာပိုင်အဖွဲ့အစည်းများမှာ -

(က) ပြည်သူ့လွှတ်တော်

(ခ) နိုင်ငံတော်ကောင်စီ

(ဂ) ဝန်ကြီးအဖွဲ့

(ဃ) ပြည်သူ့တရားသူကြီးအဖွဲ့

(င) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့

(စ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့နှင့်

(ဆ) ပြည်နယ်/တိုင်း/မြို့နယ်/ရပ်ကွက်/ကျေးရွာ ပြည်သူ့ကောင်စီ အဆင့်ဆင့်တို့ ဖြစ်သည် ။ ဒုတိယဝန်ကြီးများကိုလည်း ထိုနေ့ မှာ ပင် တာဝန်မှ ရပ်စဲလိုက်သည် ။

တစ်ဖန် ထိုနေ့ (၁၉၈၈ စက်တင်ဘာလ ၁၈ ရက်)မှာ ပင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်းသည့် အမိန့်အမှတ် ၁/ ၈၈ ကို ထုတ်ပြန်ခဲ့သည် ။

ဖွဲ့စည်းခဲ့သော နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဝင်များမှာ -

(၁) ဗိုလ်ချုပ်ကြီးစောမောင် - ဥက္ကဋ္ဌ

(၂) ဒုတိယဗိုလ်ချုပ်ကြီးသန်းရွှေ- အဖွဲ့ဝင်

(၃) ဗိုလ်ချုပ်မောင်မောင်ခင် - အဖွဲ့ဝင်

(၄) ဗိုလ်ချုပ်တင်ထွန်း - အဖွဲ့ဝင်

(၅) ဗိုလ်မှူးချုပ်အောင်ရဲကျော်- အဖွဲ့ဝင်

(၆) ဗိုလ်ချုပ်အုန်းမြင့် - အဖွဲ့ဝင်

(၇) ဗိုလ်ချုပ်စိန်အောင် - အဖွဲ့ဝင်

(၈) ဗိုလ်ချုပ်ချစ်ဆွေ - အဖွဲ့ဝင်

(၉) ဗိုလ်မှူးချုပ်ကျော်ဘာ - အဖွဲ့ဝင်

(၁၀) ဗိုလ်မှူးကြီးမောင်သင့် - အဖွဲ့ဝင်

(၁၁) ဗိုလ်မှူးချုပ်မောင်အေး - အဖွဲ့ဝင်

(၁၂) ဗိုလ်မှူးချုပ်ဥာဏ်လင်း - အဖွဲ့ဝင်

(၁၃) ဗိုလ်မှူးချုပ်မြင့်အောင် - အဖွဲ့ဝင်

(၁၄) ဗိုလ်မှူးချုပ်မြသင်း - အဖွဲ့ဝင်

(၁၅) ဗိုလ်မှူးချုပ်ထွန်းကြည် - အဖွဲ့ဝင်

(၁၆) ဗိုလ်မှူးချုပ်အေးသောင်- အဖွဲ့ဝင်

(၁၇) ဗိုလ်မှူးချုပ်မျိုးညွန့် - အဖွဲ့ဝင်

(၁၈) ဗိုလ်မှူးချုပ်ခင်ညွန့် - အတွင်းရေးမှူး(၁)

(၁၉) ဗိုလ်မှူးကြီးတင်ဦး - အတွင်းရေးမှူး(၂) တို့ ဖြစ်ကြ
သည် ။

ထို့နောက် စက်တင်ဘာ ၁၈ ရက်၌ပင် ကြေညာချက်အမှတ် ၃/၈၈ ဖြင့် မြန်မာနိုင်ငံသည် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးဝါဒကို ဆက်လက်ကျင့်သုံးမည်ဖြစ်ကြောင်း ထုတ်ပြန်သည် ။ တစ်ဖန် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ ဆက်လက်တာဝန်ထမ်းဆောင်ရန်

နဝတ အမိန့်အမှတ် ၃/၈၈ ကို ထုတ်ပြန်သည် ။ ထုတ်ပြန်ချက်၌ မိမိတို့ သက်ဆိုင်ရာ ဌာနအသီးသီးသို့ ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှ စတင်၍ လုပ်ငန်းခွင်များ သို့ ပြန်လည်ဝင်ရောက် တာဝန်ထမ်းရွက်ကြရမည်။ စက်တင်ဘာလ ၂၆ ရက် နောက်ဆုံးထား၍ လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမရှိက တာဝန်မှ ရပ်စဲမည်ဖြစ်ကြောင်း ဥက္ကဋ္ဌဗိုလ်ချုပ်ကြီး စောမောင် လက်မှတ်ဖြင့် ထုတ်ပြန် ခဲ့သည် ကို တွေ့ရသည် ။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

ဥက္ကဋ္ဌက နေ-ဝ-တ ၏ သဘောထားကို ရှင်းလင်းနေစဉ်။

နေ-ဝ-တ-/ နေ-အ-ဖ လက်ထက်က စစ်ဗိုလ်ချုပ်များ (ဝဲမှ ယာ)

ဒု ဗိုလ်ချုပ်ကြီး မောင်အေး၊ ဒုဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဒုဗိုလ်ချုပ်ကြီး တင်ဦး၊

ဒု ဗိုလ်ချုပ်ကြီး မျိုးညွန့်။

နေ-ဝ-တ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမောင်

Asiaweek သတင်းအား တွေ့ဆုံခဲ့စဉ်။

နေ-ဝ-တ-ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမောင် (နောင် ဗိုလ်ချုပ်မှူးကြီး)